# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၁၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (31-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံဘက်စုံတိုးတက်ဖို့ ပြည်သူ့ကိုယ်စားလှယ်ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၈၀/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

### ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ်များ အတွက် မဲဆွယ်စည်းရုံးခွင့်ကာလနှင့်ရပ်နားထားရမည့်နေ့ရက်များကို ၂၈-၁၁-၂၀၂၅ ရက်တွင် ကြေညာချက်အမှတ်(၁၅၁/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ် ၆၃ မြို့နယ်စာရင်းကို ၂၅-၁၂-၂၀၂၅ ရက်တွင် ကြေညာချက်အမှတ်(၁၇၀/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သဖြင့် ရွေးကောက်ပွဲ အပိုင်း(၃)တွင် ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၁၂-၁-၂၀၂၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး **၂၃-၁-၂၀၂၆ ရက် ည ၁၂၀၀ နာရီအချိန်မှ ၂၅-၁-၂၀၂၆ ရက် အပိုင်း(၃) ရွေးကောက်ပွဲကျင်းပပြီးသည်ထိ** ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲ အပိုင်း(၃)မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၃-၁-၂၀၂၆ ရက် ည ၁၂၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်းပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က နှင့် နည်းဥပဒေအခန်း(၁၀)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲ အပိုင်း(၁)နှင့် (၂)မြို့နယ်များ အတွက်

စာမျက်နှာ ၁၉ ကော်လံ ၁

**၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ (မူကြမ်း)နှင့် ယစ်မျိုးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ - ၁၆

**ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး ပြုလုပ်**

စာမျက်နှာ - ၁၈

## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



ရန်ကုန် ဒီဇင်ဘာ ၃၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H. E. Mr. Sholban Kara-Ool ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊

စာမျက်နှာ ၁၉ ကော်လံ ၁ ❑




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# နှစ်သစ်မှာ စိတ်သစ်၊ လူသစ်နှင့် ပိုမိုကောင်းမွန်သောသူများအဖြစ်သို့

ရာသီစက်ဝန်းသည် စဉ်ဆက်မပြတ်လည်ပတ်နေသည်ဖြစ်ရာ မကြာမီအချိန်အတွင်းမှာ ၂၀၂၅ ခုနှစ်ကို နှုတ်ဆက်၍ ၂၀၂၆ ခုနှစ်ကို ကြိုဆိုရန် လူသားတိုင်းက ပြင်ဆင်နေကြပြီဖြစ်သည်။ ယခုကဲ့သို့ အေးချမ်းလှသည့်ရာသီတွင် နှစ်ဟောင်းကိုစွန့်၍ နှစ်သစ်ကူးပြောင်းမှုမှာ အေးချမ်းသာယာသော အတိတ်နိမိတ်ပင်ဖြစ်သဖြင့် လူတိုင်းက နှစ်ဟောင်း၌တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် အကျပ်အတည်း၊ အခက်အခဲ၊ စိတ်ပင်ပန်းခဲ့ရမှုများကို ချန်ထားရစ်ခဲ့ပြီး နှစ်သစ်၌ ကောင်းမွန်သော အခိုက်အတန့်များ ရရှိရန် မျှော်လင့်ကာ ရှေးရှုဆောင်ရွက်သွားကြရမည်။

နှစ်ဟောင်းကို နှုတ်ဆက်ချိန်၌ နှစ်ဟောင်း၌ ကြုံဆုံခဲ့ရသော စိတ်ပင်ပန်းခဲ့ရမှု၊ ခက်ခဲမှု၊ ကျပ်တည်းမှုများကို နှစ်သစ်ကို သယ်ဆောင်မလာသင့်တော့ဘဲ နှစ်ဟောင်းမှာသာထားရစ်ခဲ့ပြီး နှစ်သစ်မှာ တစ်နှစ်ပတ်လုံး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မည်ဟူသော ခိုင်မာသောစိတ်၊ ရည်မှန်းချက်ကောင်း၊ မျှော်မှန်းချက်ကောင်းတို့ဖြင့် နှစ်ဦးကို စတင်သင့်သည်။ ထိုချမှတ်ထားသော ရည်မှန်းချက်၊ မျှော်မှန်းချက်ကောင်းများ ပြည့်ဝရေးဆောင်ရွက်ခြင်းဖြင့် နှစ်သစ်ကို ဖြတ်သန်းသွားသင့်ပေသည်။ နှစ်တစ်နှစ်မှတစ်နှစ်သို့ ကူးပြောင်းရာတွင် အသက်တစ်နှစ်ကြီးသွားခြင်းနှင့်အတူ ဘဝတိုးတက်ရေး ဝမ်းစာများဖြစ်သော အတွေ့အကြုံ၊ ရင့်ကျက်သောအတွေးအခေါ်၊ ဘဝသင်ခန်းစာများကို အကောင်း၊ အဆိုးခွဲခြားနိုင်ခြင်းတို့ ရရှိခဲ့ရန်လိုပါသည်။ သို့မှသာ အသက်တစ်နှစ် ကြီးသွားရခြင်းသည် အဖိုးတန်ပေလိမ့်မည်ဖြစ်သည်။

ယခုကဲ့သို့ နှစ်သစ်ကူးပြောင်းချိန်တွင် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူသော လောကပါလပျို့ပါအတိုင်း နေထိုင်ကျင့်ကြံသွားသင့်သည့်အပြင် ဘဝအတွက် အရေးကြီး၍ အလုပ်သင့်ဆုံးအလုပ်များကို ဆင်ခြင်သုံးသပ်၍ ဦးစားပေးဆောင်ရွက်သင့်သည်။ ထိုသို့ လုပ်သင့်သောအလုပ်များမှာ ဘာသာရေး၊ ကျန်းမာရေးတို့အပြင် အသိဉာဏ်ပညာရင့်သန်စေရန် သုတ၊ ရသစာပေများကို မှျမျှတတဖတ်ရှုခြင်း၊ မိမိ၏ဝင်ငွေများကို စိစစ်သုံးစွဲခြင်း၊ ချွေတာစုဆောင်းခြင်း၊ ဘဝရှေ့ရေးတိုးတက်စေရန် စနစ်တကျ စီမံခန့်ခွဲခြင်းစသည်တို့ဖြစ်သည်။

နှစ်ဟောင်းကုန်ဆုံးပြီးနောက် ရှေ့ဆက်ရမည့် နှစ်သစ်အခါသမယသို့ စတင်ရောက်ရှိချိန်မှစ၍ လူသစ်၊ စိတ်သစ်၊ အားမာန်သစ်များ မွေးမြူလျက် ကောင်းကျိုးချမ်းသာပြည့်ဝအောင် ကြိုးစားအားထုတ်ကြရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် နှစ်ဟောင်း၌ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာ ယူကာ ပိုမိုကောင်းမွန်သော အားထုတ်မှုများဖြင့် ဘဝအနာဂတ်တိုးတက်ရေးကို ကြံဆောင်ရမည်။ အားနည်းချက်များကို အားသာချက်အဖြစ်ပြောင်းလဲကာ ခါးသီးသော အတွေ့အကြုံများမှ သင်ခန်းစာကောင်းများ ဖော်ထုတ်ပြီး ဆင်ခြင်သုံးသပ်၍ ကြိုးစားအားထုတ်မည်ဆိုလျှင် ယခုနှစ်သစ်သည် အကျိုးရှိသောနှစ်တစ်နှစ်အဖြစ် ရရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ်ဟောင်းတွင် မိမိ၏လုပ်ဆောင်ချက်များအနက်မှ မှားယွင်းသွားခဲ့မိသည်များကို သင်ခန်းစာယူပြုပြင်ပြောင်းလဲပြီး မှန်ကန်သောလုပ်ရပ်များကို ဆောင်ရွက်ခြင်း၊ မိမိအကျိုး၊ အများအကျိုးအတွက် ကောင်းမွန်သောလုပ်ဆောင်ချက်များကို လုပ်နိုင်သလောက် လုပ်ဆောင်သွားခြင်းဖြင့် ယခုနှစ်သစ်တွင် စိတ်သစ်၊ လူသစ်နှင့် ပိုမိုကောင်းမွန်သောသူများအဖြစ် မိမိတို့၏ဘဝကို ပိုမိုကောင်းမွန်အောင် တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေထွက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၃၂ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် ရေထွက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧက ၂၂၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ဧက ၂၂၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၀၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၂၃၀ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၈ ဒသမ ၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ စပါး ၄၀၀၈ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာနဲ့မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကိုလဲ ဝန်ထမ်းတွေက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်းက ငါးတန်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်းက ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာလကထက် ငါးတန်ပိဿာချိန် တော်တော်များများ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းကော၊ အခုလက်ရှိမှာပါ ရေထွက်ကုန်တွေ မှာယူမှုများနေပါတယ်။ အခုလို ရေထွက်ကုန်ငါးတန်တွေ တင်ပို့အားတက်လာတော့ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပြီး အဆင်ပြေလာပါတယ်'' ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပင်းတယမြို့နယ် ရှောက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှောက်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်အေးအေးသိန်းက ရှောက်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေကျပ် ၄၈၅ သိန်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ရှောက်ပင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရှောက်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်နေ ဒေါ်ခင်ကြည်ညွန့် ပညာရေး(ငြိမ်း)က ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံဧက ၄၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၄၅၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ဧက ၄၅၄၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ဧက ၄၅၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများ ပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် လို့ဘောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ လို့ဘောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လို့ဘောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လို့ဘောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၁၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။

ကိုသက်

# ဟသ္သာတမြို့နယ်တွင် ဒေသထွက်သခွားသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ္သာတ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ္သာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဟသ္သာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ ဈေးကွက်တွင် ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းနေပြီး တစ်ရက်လျှင် သခွားသီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါသခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဟသ္သာတမြို့နယ်ဘက်က ထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများပြားနေပါတယ်။ လက်ရှိ တစ်ရက်ကို သခွားသီးအလုံးရေ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်သွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားဒေသတွေက အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် သခွားသီးတွေ ဝယ်ယူအားကောင်းလာတော့ သခွားသီးစိုက်ပျိုးတဲ့တောင်သူတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ဟသ္သာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ္သာတမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက်ကုန်စိမ်းသီးနှံများပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါဒေသထွက် သခွားသီးများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် ကုန်စည်များသယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်း လတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးရှိနေကြောင်း ဟသ္သာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# အိုက္ကေ့ာသင်ကျောက်စာ

**မောင်သာ(ရွှေဟောင်းသုတေသန)**

မန္တလေးနန်းတွင်းကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာများအနက် ထူးခြားသော ကျောက်စာတစ်ချပ်မှာ ကျောက်တိုင်အမှတ်(၅၈၇) ဖြစ်သည့် အိုက္ကေ့ာသင်ကျောက်စာဖြစ်သည်။ ထိုကျောက်စာသည် အိုက္ကေ့ာသင် (အိုကျော်သင်) အမည်ရှိ အမျိုးသမီးတစ်ဦးရေးထိုးခဲ့သည့် တစ်မျက်နှာထိုး ကျောက်စာဖြစ်သည်။

ကျောက်စာကိုတွေ့ရှိခဲ့သောနေရာသည် ယခု မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်း မလှိုင်မြို့၏ အနောက်ဘက်တွင်ရှိသော ရေငွေ့ရွာမှ တောင်ဘက်သို့ မိုင်ဝက်ခန့်အကွာနေရာဖြစ်သည်။ ထိုနေရာ၌ မောင်းကန်ကျေးရွာတည်ရှိ၍ မောင်းကန်ရွာ၏ အနောက်မြောက်ယွန်းယွန်းသို့ မိုင်ဝက်ဝေးသည့် ဘုရားဟောင်းမြေယာအတွင်းရှိ ယာတဲတစ်ခုတွင် ထိုကျောက်စာကို တွေ့ရှိခဲ့ရကြောင်း ရှေးဟောင်းမြန်မာကျောက်စာများစာအုပ်တွင် မှတ်တမ်းပြုထားသည်။ ထိုကျောက်စာကို မူလတွေ့ရှိသည့်နေရာမှ မန္တလေးမြို့သို့ သယ်ယူပြောင်းရွှေ့ပြီး နန်းတွင်းကျောက်စာရုံ၌ ထိန်းသိမ်းထားသည်။

အိုက္ကေ့ာသင်ကျောက်စာသည် စာကြောင်းရေ ၁၀ ကြောင်းသာပါရှိသော်လည်း ပုဂံခေတ်ပုံရိပ်တချို့ကို ဖော်ပြသည့် ကျောက်စာတစ်ချပ်အဖြစ် လေ့လာနိုင်ကြသည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ကျောက်စာရေးထိုးသူ အိုက္ကေ့ာသင်ကို မကြေ့ာသင်းဟု မျက်မှောက်ခေတ်သုံး မြန်မာအမည်ဆန်ဆန် အသံဖလှယ်ခဲ့သည်။

**ကျောက်စာတွေ့ရှိခဲ့သည့် မလှိုင်မြို့နယ်**

မလှိုင်မြို့နယ်သည် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀၀ ခန့်က ကြေးခေတ်နှင့် သံခေတ် ယဉ်ကျေးမှုထွန်းကားခဲ့သည့် စမုန်မြစ်ဝှမ်းဒေသတွင် တည်ရှိသည်။

မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏မှတ်တမ်းတွင် ပုဂံကို ပထမဆုံးတည်ထောင်သည့် သမုဒ္ဒရာဇ်မင်းလက်ထက်တွင် မလှိုင်ဒေသရှိ ပျူကန်ရွာ၌ ပျူများနေထိုင်ခဲ့ကြောင်းကို ဆည်ထိပ်ကျေးရွာရှိ ရွှေစာပင်စေတီတော်တွင် တွေ့ရှိရသည့် အထောက်အထားများကိုအကိုးအကားပြုကာ ဖော်ပြထားသည်။

မလှိုင်ဒေသကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် မြို့အဖြစ်သတ်မှတ်ခဲ့သည်။ လက်ရှိအချိန်တွင် မလှိုင်မြို့နယ်ကို ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ ကျေးရွာ ၂၄၇ ရွာဖြင့် ဖွဲ့စည်းထားသည်။ မလှိုင်မြို့နယ်သည် ၄၂၅ ဒသမ ၃၅ စတုရန်းမိုင် ကျယ်ဝန်း၍ မြောက်ဘက်တွင် တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်၊ တောင်ဘက်တွင် မိတ္ထီလာမြို့နယ်၊ အရှေ့ဘက်တွင် ဝမ်းတွင်းမြို့နယ်၊ အနောက်ဘက်တွင် တောင်သာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်နေသည်။ မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ မလှိုင်မြို့နယ်တွင် နေထိုင်လျက်ရှိသည့် လူဦးရေ စုစုပေါင်းသည် ၁၇၈၅၃၈ ဦးဖြစ်သည်။

ကျောက်စာအထောက်အထားအရ မလှိုင်ဒေသသည် ပုဂံခေတ်ကာလတွင် ပုဂံနှင့်ဆက်သွယ်မှုများရှိခဲ့ကြောင်း တွေ့ရှိရသည်။ ပုဂံတွင်ရောက်ရှိနေသည့် မလှိုင်နယ်ဖွား အမျိုးသမီးတစ်ဦးသည် မိမိရွာသို့ပြန်ကာ ဘုန်းကြီးကျောင်းတစ်ကျောင်း တည်ဆောက်ပြီး အခြားလှူဖွယ်ဝတ္ထုအစုစုနှင့်အတူ လှူဒါန်းကာ ကျောက်စာတစ်ချပ်ရေးထိုးခဲ့သည်။ ထိုကျောက်စာသည် ကျောက်စာရေးထိုးသူကို အစွဲပြုလျက် အိုက္ကေ့ာသင်ကျောက်စာဟု အမည်တွင်ခဲ့သည်။

**အိုက္ကေ့ာသင်**

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက အိုက္ကေ့ာသင်ကျောက်စာ သုံးသပ်ချက်ကို ဂံ့ဂိုး၀ စာအုပ်တွင် ရေးသားထားရာ အိုက္ကေ့ာသင်သည် မလှိုင်မြို့နယ်ရှိ ရေငွေ့ရွာသူဖြစ်ကြောင်း ဖော်ပြထားသည်။ ကျောက်စာကို တွေ့ရှိသည့်နေရာသည် ရေငွေ့ရွာဖြစ်သောကြောင့် ရေငွေ့ရွာသူဟု မှန်းဆခဲ့ကြောင်းယူဆရသော်လည်း ကျောက်စာတွင် ရေးထိုးထားသည့် မှတ်တမ်းတွင် အိုက္ကေ့ာသင်ကျောင်းတည်ဆောက်လှူဒါန်းသည့် နေရာကို ရေငွေ့ရွာဟု တိကျစွာဖော်ပြထားခြင်းကား မရှိချေ။

အိုက္ကေ့ာသင်သည် မိတ္ထီလာနယ် မလှိုင်ရေငွေ့ရွာဟု မှန်းဆရသည့်နေရာတွင် သံဃာများအတွက် ကျောင်း ၃၀ ဆောက်လုပ်လှူဒါန်းခဲ့သည်။ သင်္ကန်းနှစ်စုံကိုလည်းပေးလှူသည်။ ဘုရားကျောင်းဆောင်တွင် ပဒေသာပင်တစ်ပင်ကို လှူဖွယ်ပစ္စည်းမျိုးစုံချိတ်ဆွဲပြီး စိုက်ထူခဲ့သည်။

ထိုကောင်းမှုအကျိုးကြောင့် နိဗ္ဗာန်ဆုကို ရလိုခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များအား ကောင်းမှုအကျိုးကို ရပါစေကြောင်း အမျှပေးဝေခဲ့သည်။ ကထိန်သင်္ကန်းတစ်စုံ၊ အပ်အချောင်း ၄၀၊ ကရား ၂၀၁၊ ခွက်လေးခွက်၊ သပိတ် ငါးလုံး၊ ခြူတစ်လုံး၊ ခြေညှပ်ဖိနပ်အရန် ၂၀ ကို ရဟန်းတော်များအား လှူဒါန်းခဲ့သည်။ ထို့ကြောင့် အလှူပြုသည့်အချိန်တွင် ကျောင်း ၃၀ ၌ သံဃာအပါး ၂၀ သီတင်းသုံးနေမည်ဟု မှန်းဆရပေသည်။

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းသည် ကျောက်စာတွင် ရေးထိုးထားသည့် မှတ်တမ်းကို ဖြည့်စွက်စဉ်းစားခဲ့ကြောင်း ရေးသားခဲ့သည်။ မိတ္ထီလာကန်ကို ဆည်ဖို့ရန်ရောက်ရှိလာသည့် ပုဂံဘုရင်တစ်ပါးသည် ရေငွေ့ရွာသို့ရောက်ရှိလာပြီး ရေငွေ့ရွာသူ မိန်းမပျို အိုက္ကေ့ာသင်ကို တော်ကောက်ခဲ့မည်ဟု ယူဆခဲ့သည်။ အိုက္ကေ့ာသင်ကို ပေါင်းသင်းခဲ့သူသည် ပုဂံဘုရင်နှင့်အတူ ရေငွေ့ရွာသို့ ရောက်ရှိလာသည့် မင်းအမတ် တစ်ဦးဦးလည်း ဖြစ်နိုင်ဖွယ်ရှိသည်။

အိုက္ကေ့ာသင်သည် မိမိ၏ခင်ပွန်း ကွယ်လွန်ပြီးနောက် ပုဂံ၌ပင် ဆက်လက်နေထိုင်ခဲ့ကာ မိမိဇာတိ ရေငွေ့ရွာသို့ ပြန်ကာ သံဃာတော်များအတွက် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ကျောင်းအလှူ ကုန်ကျငွေသည် အလွန်မများလှသော်လည်း ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အထိပ်တောင်းဆုဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိပါစေကြောင်း ဆုတောင်းခဲ့သည်။

**အိုက္ကေ့ာသင်၏ ခန့်မှန်းပုံရိပ်များ**

သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက အိုက္ကေ့ာသင်သည် မိကောင်းဖခင် သမီးတစ်ယောက်ဖြစ်၍ ရုပ်ရည်ချောမောလှပသူဖြစ်ကြောင်း မှန်းဆခဲ့သည်။ ထိုအရည်အချင်းနှစ်ရပ်ကြောင့် အိုက္ကေ့ာသင်သည် ပုဂံနန်းတွင်း အပျိုတော်အဖြစ် တော်ကောက်ခံရပြီး မင်းသားငယ်တစ်ပါး၏ ကြင်ရာတော် ဖြစ်သွားခဲ့သည်။ ထိုမင်းသားငယ်သည် အိုက္ကေ့ာသင်ခစားရသည့် မင်းသမီးနှင့် အဖေတူ အမေကွဲ မောင်တစ်ယောက်ဖြစ်သည်ဟုလည်း ဆိုသည်။

မင်းသားငယ် ကွယ်လွန်ချိန်တွင် အိုက္ကေ့ာသင်သည် အသက်ငယ်ငယ်ဖြင့် မုဆိုးမဖြစ်ခဲ့ရကာ ကုသိုလ်ကောင်းမှုပြုရန် ကြံရွယ်ခဲ့ပြီး ဇာတိရွာ၌ ဘုရားတစ်ဆူကိုတည်ပြီး ဘုရားစေတီအနီးရှိ ဘုန်းကြီးကျောင်းကို ကမ္မဋ္ဌာန်းကျောင်းဖြစ်အောင် စီမံခဲ့သည်။ တရားထိုင်သူများသည် သီးသန့်ကျောင်းငယ်များတွင် တရားအားထုတ်နိုင်ရန် အိုက္ကေ့ာသင်က ကျောင်း အဆောက်အအုံ ၃၀ ဆောက်လုပ်ပေးခဲ့သည်ဟုဆိုရာ ယူဆချက်တချို့သည် ဒေါက်တာသန်းထွန်း၏ ကျောက်စာနှင့် ဆက်စပ်တွေးတော မှန်းဆချက်များဖြစ်သည်။




အိုက္ကေ့ာသင်ကျောက်စာကိုထိန်းသိမ်းထားသည့် မန္တလေးနန်းတွင်းကျောက်စာရုံ။

ကျောက်စာတွင် အိုက္ကေ့ာသင်သည် ကျောင်းပြုပြီး(တည်ဆောက်ပြီး)နောက် ကျောင်း ၃၀ ကို လှူကြောင်းရေးထိုးထားရာ ဒေါက်တာသန်းထွန်း ရေးသားသကဲ့သို့ ပင်မကျောင်းကြီးနှင့် အရံကျောင်း ၂၉ ကျောင်းဖြစ်နိုင်ကြောင်း ယူဆရဖွယ်ရှိသည်။

တည်ဆောက်မှုပြည့်စုံပြီးနောက် အိုက္ကေ့ာသင်သည်သက္ကရာဇ်၅၆၀ပြည့်နှစ်တပေါင်းလပြည့်နေ့တွင် အလှူရေစက်ချပွဲကို ပြုလုပ်ခဲ့သည်။ ထိုရက်သည် ခရစ်နှစ် ၁၁၉၉ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် ဗုဒ္ဓဟူးနေ့ဖြစ်သဖြင့် လွန်ခဲ့သည့် ၈၂၇ နှစ်က ဖြစ်ပေသည်။ ထိုအချိန်သည် ပုဂံထီးနန်းကို ဘုရင်နရပတိစည်သူ (၁၁၆၅-၁၂၁၁) စိုးစံချိန်ဖြစ်သည်။

ထိုအချိန်ကာလတွင် ရေငွေ့ရွာမှ ပုဂံသို့သွားသည့် ခရီးသည် သုံးရက်ကြာမြင့်သဖြင့် အလှူရှင် အိုက္ကေ့ာသင်သည် ရေငွေ့ရွာသို့ အလှူရေစက်မချမီ နှစ်ရက် ကြိုတင်ရောက်ရှိခဲ့ကြောင်း၊ သူ၏ နောက်ပါခြွေရံသင်းပင်းများတွင် ထမင်းဟင်းချက်သူများ၊ စည်တီးခတ်သူနှင့် သီဆိုကခုန်သူ မိန်းကလေးများ ပါဝင်ကြောင်း၊ ပုဂံခေတ် အလှူများထုံးတမ်းအတိုင်း အလှူရေစက်ချပွဲသို့ လာရောက်ကြသူများကို ထမင်းကျွေးပြီး သီဆိုတီးမှုတ်ကခုန်ကြကြောင်း၊ အနီးအနားရွာများက ပွဲလာကြည့်ကြကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက စိတ်ကူးချဲ့ထွင်မှန်းဆခဲ့သည်။

**အိုက္ကေ့ာသင်ကျောက်စာ**

အိုက္ကေ့ာသင်သည် ကျောက်စာ၏ ပထမစာကြောင်း၌ မိမိတည်ဆောက်ခဲ့သည့်ကျောင်းကို စွန့်လွှတ်လှူဒါန်းမှုကို ကျောင်းပြုပြီးလွှတ်၏ဟု လှပစွာရေးထိုးခဲ့သည်။ ဗုဒ္ဓဘာသာဝင်များ အလှူပြုရာတွင် မိမိတို့လှူဒါန်းသည့် အဆောက်အအုံ၊ ဘုန်းကြီးကျောင်း၊ စာသင်တိုက်၊ တရားရိပ်သာစသည်တို့သည် လှူဒါန်းပြီးချိန်မှစ၍ မိမိတို့မပိုင်ဆိုင်တော့ဘဲ သံဃာအများနှင့်သာဆိုင်သည့် သံဃိကပစ္စည်းဖြစ်သွားသဖြင့် အလှူပစ္စည်း၊ အဆောက်အအုံကို စွန့်လွှတ်ခြင်းသည် ဗုဒ္ဓဝါဒအလှူဖြစ်ပေသည်။

အိုက္ကေ့ာသင်သည် ဗုဒ္ဓအလိုတော်ကျအတိုင်း လှူဒါန်းမှုကိုပြုလုပ်ခဲ့ရာ ပုဂံခေတ်အလယ်ပိုင်းဖြစ်သည့် ၁၂၀၀ ပြည့်နှစ် ဝန်းကျင်တွင် ပုဂံ၌ ဗုဒ္ဓသာသနာ ကောင်းစွာထွန်းကားနေကြောင်း သက်သေတစ်ရပ်ဖြစ်ပေသည်။ အနော်ရထာမင်းလက်ထက်တွင် ဗုဒ္ဓသာသာနာသည် သထုံမှ ပုဂံသို့ ရောက်ရှိလာသည်ဟု ဆိုကြသော်လည်း အနော်ရထာမင်းမတိုင်မီကပင် ပုဂံ၌ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှုများရှိသည့် အထောက်အထားများကို တွေ့ရှိကြရသည်။ အနော်ရထာမင်းနောက်ပိုင်းတွင်မူ ဗုဒ္ဓဘာသာသည် ပုဂံ၌ များစွာထွန်းလင်း တောက်ပခဲ့ပေသည်။

အိုက္ကေ့ာသင်ကျောက်စာတွင် အလှူပစ္စည်းများကို နှစ်ပိုင်းရေးထိုးထားရာ ပထမပိုင်းတွင် ကျောင်း ၃၀၊ သင်္ကန်းအစုံ နှစ်စုံ၊ သင်္ကန်း နှစ်ထည်၊ မြေပုံပုထိုးတစ်လုံး၊ ပဒေသာပင်တစ်ခု၊ နွားမတစ်ကောင် လှူ၏ဟု ဖတ်ရှုရသည်။ အလှူရှင်သည် သံသရာလည်သည့် ဆင်းရဲကိုမလို၊ မပြည့်စုံမှုကိုမလို၊ သံသရာအဆုံး၌ နိဗ္ဗာန်ကိုလို၏ဟု ဆုတောင်းခဲ့သည်။ ဆက်လက်၍ မိမိအလှူကို ဝိုင်းဝန်းလုပ်ဆောင်သူများသည်လည်း မိမိတောင်းဆုကိုရရှိပါစေဟု အမျှဝေခဲ့သည်။ အလှူစာရင်းဒုတိယပိုင်းတွင် ဆီမီးလေးထောင် ပြု၏၊ ကထိန်ပြု၏၊ အပ် ၄၀၊ ရေကရား ၂၀၁ လုံး၊ ခွက် လေးခွက်၊ သပိတ် ငါးလုံး၊ ခေါင်းလောင်းတစ်လုံး၊ ခြေညှပ် (ဖိနပ်) အရန် ၂၀ လှူဒါန်းကြောင်း ရေးအထိုးထားသည်။

ကျောက်စာ၏ နောက်ဆုံးစာကြောင်းတွင် နည်းစွာရင်းအတိုင်းမသိ လိုသတည်းဟုရေးထိုးပြီး နိဂုံးချုပ်ထားသည်။ ထိုအဓိပ္ပာယ်ကို သမိုင်း ပညာရှင် ဒေါက်တာသန်းထွန်းက "အခုလို နည်းနည်း နည်းနည်းနဲ့ ကာလကြာမြင့်ရင် နိဗ္ဗာန်နဲ့တန်အောင် အလှူတွေ အထုအထည် တက်လာမယ်၊ အမြင့်ဆုံးဆုလည်း ရရမယ်၊ မသေခင် နေရတတ်သရွေ့ ဒါနပြုမယ်၊ သီလစောင့်မယ်၊ ဘာဝနာစီးဖြန်းမယ်"ဟု ဆိုလိုကြောင်း ဖွင့်ဆိုခဲ့သည်။

**ပုဂံခေတ် အမျိုးသမီးများရေးထိုးသည့် ကျောက်စာများ**

ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် ကျောက်စာများတွင် အမျိုးသမီးများရေးထိုးခဲ့သော ကျောက်စာချပ်များအနက် ရေးထိုးသူအမည်ပေါ်လွင်ခြင်း မရှိသော ကျောက်စာများလည်း ပါရှိသည်။ အမည်ပေါ်လွင်ထင်ရှားသည့် ကျောက်စာများတွင် မိဖုရားဖွားစောကျောက်စာ၊ သိင်္ဃသူ့သမီးကျောက်စာ၊ ညောင်ရမ်းကြီးသမီး ကျောက်စာ၊ မင်းဝိုင်းဖွားစော ကျောက်စာ၊ တတိယဖွားစောကျောက်စာ စသည်တို့သည် အလွန်ထင်ရှားလူသိများခဲ့သည်။

အိုက္ကေ့ာသင်ကျောက်စာမှာမူ အလွန်လူသိများသည့် ကျောက်စာတစ်ချပ်မဟုတ်သော်လည်း ပုဂံခေတ်ကာလတွင် မိမိမွေးရပ်၌ ပုထိုးတည်၊ ကျောင်းများဆောက်ကာ အလှူဒါနပြုသည့် မှတ်တမ်းတစ်ခုအဖြစ် ကျောက်စာလေ့လာသူများကြားတွင် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)(ဦးငြိမ်းမောင်)**
  **ဂံ့ဂိုး၀(ဒေါက်တာသန်းထွန်း)**
- **မလှိုင်မြို့နယ် ဒေသဆိုင်ရာအချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၄၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၄၃၆ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၀၈၉ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၃၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ကုလားပဲကေ ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၄၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့ တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။ (၂၀၆)

## ဘိုကလေးမြို့နယ်တွင် ဒေသထွက် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ဘိုကလေး ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ဒေသထွက် ပိန်းဥများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဘိုကလေးမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ဘိုကလေးမြို့နယ် ကုန်စိမ်းဈေးကွက်တွင် ပိန်းဥများ ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပိန်းဥများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က ဒေသထွက် ပိန်းဥတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဝယ်လက်တွေက ကုန်စည်လိုသလောက် မရတဲ့ထိဖြစ်နေပါတယ်။ လက်ရှိ ပိန်းဥတွေ ဝယ်လိုအား များနေပါတယ်။ လက်ရှိ ရောင်းချနေတဲ့ ပိန်းဥတွေက အရည်အသွေး ကောင်းပါတယ်။ ဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက် ဝယ်လက်တွေက ဝယ်ယူအား များနေလို့ တင်ပို့မှုကောင်းနေပါတယ်"ဟု ဘိုကလေးမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လတ်တလောအနေဖြင့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်စိမ်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## ဇွဲစိတ်ခိုင်မာ ပန်းတိုင်သာသို့

\- ခိုင်မာသော ဇွဲလုံ့လ
ဝီရိယ ရှိစေတကယ်၊
အချိန်သည် လူ့တန်ဖိုး
ကောင်းကျိုးဂုဏ်ကြွယ်၊
ပျင်းရိခြင်း ရှောင်ကြဉ်ဖယ်
လူ့ဘဝဝယ် နေထိုင်သွား၊
ပန်းတိုင်သည် လက်တစ်ကမ်း
တက်လှမ်းစို့လား။

\- နိုးကြားပါ သတိတရား
အသိပွား ဉာဏ်နှင့်ယှဉ်၊
အခက်ခဲကို ရင်ဆိုင်ဖြေရှင်း
အားတင်းကာပင်၊
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်
မကောင်းညှဉ် ဘယ်မမွေး၊
ယုံကြည်ရာ ဇွဲနဲ့လျှောက်
ထွန်းတောက်စေလေး။

\- စိတ်ဓာတ်ကို မြှင့်တင်ပေး
ဘဝအရေး လှစေအမှန်၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ကြိုးစားရှင်သန်၊
ရည်မှန်းချက် ပြည့်ဖို့ရန်
သန္နိဋ္ဌာန် ချမှတ်ရင်း၊
ပန်းတိုင်ဆီ မျှော်ရည်လျက်
ရှေ့ဆက်ပါမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

## ဝမ်းတွင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သင်းသင်းအေး၊ ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

စိန်ပန်းပင်ကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၁၂၀၊ အနက်လေးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ လက်နှိပ်တုံကင် နှစ်ခု တပ်ဆင်ခြင်းလုပ်ငန်း၊ အရှည်ပေ ၅၆၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅၃ သန်းဖြင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ဒီဇင်ဘာ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၁ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတ လီဂျေးမြောင် တရုတ်နိုင်ငံသို့ သွားရောက်မည်



**ဆိုးလ် ဒီဇင်ဘာ ၃၀**

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် လာမည့်နှစ် ဇန်နဝါရီ ၄ ရက်မှ ၇ ရက်ထိ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် သွားရောက်မည်ဟု တောင်ကိုရီးယားသမ္မတရုံးက ယနေ့တွင် သတင်း ထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်မှုအရှိန်အဟုန်ကို ထိန်းထားနိုင်ရန် ရည်ရွယ်၍ တရုတ်နိုင်ငံသို့ သွားရောက်ရန် သမ္မတလီဂျေးမြောင်က စီစဉ်ထားကြောင်း တောင်ကိုရီးယား သမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အဆိုပါခရီးစဉ်သည် ယခုနှစ် ဇူလိုင်လအတွင်း သမ္မတရာထူး စတင်ရယူခဲ့သည့် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်အတွက် ပထမဆုံး တရုတ်နိုင်ငံ ခရီးစဉ်ဖြစ်သည်။

တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်၏ တရုတ်နိုင်ငံခရီးစဉ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ယနေ့တွင် အတည်ပြုထားသည်။

တရုတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ကုန်စည်စီးဆင်းမှု ကွင်းဆက် တည်ငြိမ်ရေးအတွက် အဓိကကျသည့် နိုင်ငံဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တရားမျှတမှုမစ်ရှင် ၂၀၂၅ စစ်ရေးလေ့ကျင့်မှု ဒုတိယနေ့ တရုတ်တပ်မတော် ဆက်လက်ပြုလုပ်

**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ) သည် တရားမျှတမှုမစ်ရှင် ၂၀၂၅ စစ်ရေးလေ့ကျင့်မှုကို ဒုတိယမြောက်နေ့အဖြစ် ထိုင်ဝမ်ကျွန်းအနီးတွင် ဆက်လက်ပြုလုပ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



တရားမျှတမှုမစ်ရှင်၂၀၂၅ စစ်ရေးလေ့ကျင့်မှု ဒုတိယနေ့တွင် တရုတ်တပ်မတော်သည် ကုန်းရေနှစ်ထွေစစ်ဆင်ရေးသုံး စစ်သင်္ဘောသစ်များကိုလည်း တရုတ်(တိုင်ပေ)အနီး ဖြန့်ကြက်ခဲ့ကြောင်း ပီအယ်လ်အေ၏ စစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

တရားမျှတမှုမစ်ရှင်၂၀၂၅ စစ်ရေးလေ့ကျင့်မှု ဒုတိယနေ့တွင် တရုတ်လေတပ်မှ ဗုံးကြဲလေယာဉ်များနှင့် စစ်သင်္ဘောများက ထိုင်ဝမ်ကျွန်းအနီး ပိတ်ဆို့လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ဒုံးကျည်တပ်ဖွဲ့များကလည်း ကျည်စစ်သုံးစစ်ရေး လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

လက်ရှိပြုလုပ်နေသည့် တရားမျှတမှုမစ်ရှင် ၂၀၂၅ စစ်ရေးလေ့ကျင့်မှုသည် လွှမ်းခြုံထားနိုင်သည့် ဧရိယာအရ ထိုင်ဝမ်ကျွန်းအနီး တရုတ်တပ်မတော်က ပြုလုပ်ခဲ့ဖူးသမျှ အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

တရုတ်(တိုင်ပေ)သို့ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ လက်နက်များ ရောင်းချမည့်အစီအစဉ်ကို အမေရိကန်အစိုးရက ကြေညာခဲ့ပြီး ၁၁ ရက်အကြာတွင် တရားမျှတမှုမစ်ရှင် စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံက စတင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)သို့ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပလိုစီ လာရောက်ခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ထိုင်ဝမ်ကျွန်းအနီး အဓိကစစ်ရေးလေ့ကျင့်မှုခြောက်ကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ရီရယ်လ်ငွေကြေးတန်ဖိုး စံချိန်တင်ကျဆင်းပြီးနောက် အီရန်နိုင်ငံရှိ မြို့ကြီးများ၌ ဆန္ဒပြပွဲများ ဖြစ်ပွား

**တီဟီရန် ဒီဇင်ဘာ ၃၀**

အီရန်နိုင်ငံ၌ ရီရယ်လ်ငွေတန်ဖိုး စံချိန်တင် ကျဆင်းခဲ့ပြီးနောက် ဒီဇင်ဘာ ၂၉ ရက်နှင့် ယနေ့တွင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရီရယ်လ်ငွေတန်ဖိုး စံချိန်တင် ကျဆင်းခဲ့ပြီးနောက် အီရန်မြို့ကြီးအချို့၌ ဒီဇင်ဘာ ၂၉ ရက်တွင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း အီရန်အစိုးရ မီဒီယာများက အတည်ပြုထားသည်။

တီဟီရန်မြို့ အပါအဝင် အီရန်နိုင်ငံတစ်ဝန်းရှိမြို့များ၌ ဖြစ်ပွားခဲ့သည့် အဆိုပါဆန္ဒပြပွဲများသည် အီရန်နိုင်ငံအတွက် သုံးနှစ်တာကာလအတွင်း အကြီးမားဆုံးဆန္ဒပြပွဲများဖြစ်ကြကြောင်း မျက်မြင်ကြုံတွေ့သူများက ထုတ်ဖော်ပြောကြားထားသည်။



အီရန်နိုင်ငံ၏ ရီရယ်လ်ငွေကြေးတန်ဖိုးသည် ဒီဇင်ဘာ၂၈ ရက်တွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ရီရယ်လ် ၁ ဒသမ ၄၂ သန်းထိ စျေးပေါက်ခဲ့ကြောင်း သိရသည်။

ရီရယ်လ်ငွေကြေးတန်ဖိုး စံချိန်တင်ကျဆင်းမှုနှင့်အတူ အီရန်ဗဟိုဘဏ်ဥက္ကဋ္ဌ ရီဇာဖာဇင်လည်း ရာထူးမှ နုတ်ထွက်ခဲ့ကြောင်း အီရန်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

နိုင်ငံတကာ စီးပွားရေးအရေးယူပိတ်ဆို့မှုများကြောင့် အီရန်နိုင်ငံ၏ စီးပွားရေး အင်အားချည့်နဲ့လာချိန်တွင် ရီရယ်လ်ငွေကြေးတန်ဖိုးများ စံချိန်တင် ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဗင်နီဇွဲလားဆိပ်ကမ်းတစ်ခုကို အမေရိကန်တိုက်ခိုက်

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

ဗင်နီဇွဲလားနိုင်ငံ အတွင်းရှိ ဆိပ်ကမ်းတစ်ခုကို အမေရိကန်တပ်မတော်က တိုက်ခိုက်ခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဖလော်ရီဒါပြည်နယ်၌တွေ့ဆုံစဉ် ဗင်နီဇွဲလားဆိပ်ကမ်းတိုက်ခိုက်မှုကို သမ္မတဒေါ်နယ်ထရမ့်က အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်မတော်က တိုက်ခိုက်ခဲ့သော ဆိပ်ကမ်းမှာ မူးယစ်ဆေးဝါးများကို ရေယာဉ်များပေါ်သို့ တင်ပေးနေသော ဆိပ်ကမ်းဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

သမ္မတမာဒူရို ဦးဆောင်သည့် ဗင်နီဇွဲလားအစိုးရအပေါ် ဖိအားပေးခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဗင်နီဇွဲလား၌ အမေရိကန်အစိုးရက မြေပြင်တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ အတွင်းသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရာတွင် ဗင်နီဇွဲလားအစိုးရ ပါဝင်ပတ်သက်နေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားသည်။

သို့ရာတွင် ဗင်နီဇွဲလားအစိုးရက ယင်းစွပ်စွဲချက်ကို ငြင်းပယ်ထားပြီး အမေရိကန်အစိုးရအနေဖြင့် ဗင်နီဇွဲလား၌ အစိုးရအပြောင်းအလဲဖြစ်ပေါ်ရေးအတွက် ကြံစည်နေသည်ဟု တုံ့ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်း အန်တိုနီဂျိုရှုအာ နိုင်ဂျီးရီးယားယာဉ်တိုက်မှုတွင် ဒဏ်ရာရရှိ

**အဘူဂျာ ဒီဇင်ဘာ ၃၀**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့ချန်ပီယံဟောင်း အန်တိုနီဂျိုရှုအာသည် နိုင်ဂျီးရီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့သောယာဉ်တိုက်မှုတွင် ဒဏ်ရာရရှိခဲ့သည်ဟု နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဒီဇင်ဘာ ၂၉ ရက်တွင် အိုဂန်ပြည်နယ် အဝေးပြေးလမ်းမပေါ်၌ ဖြစ်ပွားခဲ့သည့် အဆိုပါယာဉ်တိုက်မှုတွင် အန်တိုနီဂျိုရှုအာမှာ အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း အတူလိုက်ပါလာသူ မိတ်ဆွေနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားနွယ်ဖွား ဂျိုရှုအာသည် အားလပ်ရက်ကာလ အပန်းဖြေခရီးစဉ်အတွက် နိုင်ဂျီးရီးယားနိုင်ငံသို့ရောက်ရှိနေစဉ် ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါယာဉ်တိုက်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို နိုင်ဂျီးရီးယား တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဂျိုရှုအာ လိုက်ပါလာသည့် မော်တော်ယာဉ်သည် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခဲ့ပြီး လမ်းဘေး၌ရပ်ထားသော ကုန်တင်ကားကို ဝင်တိုက်မိခဲ့ခြင်းဖြစ်နိုင်ကြောင်း နိုင်ဂျီးရီးယား ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ယာဉ်တိုက်မှုသည် အိုဂန်ပြည်နယ် မာကွန်မြို့အနီး အဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက CSG-FM3 အီတလီကမ္ဘာ့ဂြိုဟ်လေ့လာရေး ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ် ဖျက်သိမ်းခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် CSG-FM3 အမည်ရှိ အီတလီကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တု လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် မူလက CSG-FM3 အီတလီကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တုကို ဒီဇင်ဘာ ၂၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားသည်။

သို့ရာတွင် ဗင်ဒန်ဘာ့ဂ်အာကာသစခန်း ဒုံးပစ်စင်မြေပြင်စနစ်ပြဿနာတစ်ရပ်ကြောင့် CSG-FM3 အီတလီကမ္ဘာ့ဂြိုဟ် လေ့လာရေးဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းထားကြောင်း စပေ့အိတ်စ် ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

CSG-FM3 အီတလီကမ္ဘာ့ဂြိုဟ်လေ့လာရေးဂြိုဟ်တုကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်အချိန်ကို စပေ့အိတ်စ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

CSG-FM3 အီတလီကမ္ဘာ့ဂြိုဟ်လေ့လာရေး ဂြိုဟ်တုမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ နောက်ဆုံးအာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

CSG-FM3 ဂြိုဟ်တုကို အီတလီအခြေစိုက် သားလက်စ်အယ်လ်လီယာနာကုမ္ပဏီက တည်ဆောက်ထားသည့် ဂြိုဟ်တုဖြစ်ပြီး မိုးတိမ်များကို ထွင်းဖောက်၍ ကမ္ဘာ့ဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ချီလီနိုင်ငံမြောက်ပိုင်း အက်တာကာမာသဲကန္တာရဒေသ၌ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို ရှာဖွေတွေ့ရှိထား


**ဆန်တီယာဂို ဒီဇင်ဘာ ၃၀**

ချီလီနိုင်ငံမြောက်ပိုင်း အက်တာကာမာ သဲကန္တာရဒေသ၌ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းခြေရာများသည် သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၁၆၀ ထိရှိကြောင်း ချီလီသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများထဲတွင် ချီလီနိုင်ငံ၌ တွေ့ရှိခဲ့သည့် အရွယ်အစားအသေးငယ်ဆုံး အသားစားသီရိုပေါ့ဒ်ဒိုင်နိုဆောများ၏ ခြေရာလမ်းကြောင်းများလည်း ပါဝင်ကြောင်း ချီလီသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အက်တာကာမာသဲကန္တာရသည် ကမ္ဘာပေါ်၌ အခြောက်သွေ့ဆုံး သဲကန္တာရဖြစ်သော်လည်း လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၁၆၀ ကမူ စိမ့်တောဒေသကြီး တစ်ခုဖြစ်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အက်တာကာမာသဲကန္တာရ၌ တွေ့ရှိရသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများထဲတွင် ချီလီနိုင်ငံ၌ တွေ့ရှိခဲ့ဖူးသမျှအရွယ်အစား အသေးငယ်ဆုံးအသားစား သီရိုပေါ့ဒ် ဒိုင်နိုဆောတစ်မျိုး၏ ခြေရာကိုးခုပါ လမ်းကြောင်းတစ်ခုလည်းပါဝင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အက်တာကာမာသဲကန္တာရဒေသသည် လွန်ခဲ့သည့် နှစ်သန်းပေါင်းများစွာက ဂွာဒွာနာအမည်ရှိ မဟာပထဝီတိုက်ကြီးတစ်ခု၏ အစိတ်အပိုင်းဖြစ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တီယန်ကောင်းအာကာသစခန်းသို့ ပို့ဆောင်ခဲ့သော ကြွက်မတစ်ကောင် ကြွက်သားပေါက်များ ပုံမှန်အတိုင်းပေါက်ဖွား

**ပေကျင်း ဒီဇင်ဘာ ၃၀**

တီယန်ကောင်းအာကာသစခန်းသို့ တရုတ်သိပ္ပံပညာရှင်များ ပို့ဆောင်ခဲ့သောကြွက်လေးကောင်အနက် ကြွက်မတစ်ကောင်မှာ ကမ္ဘာပေါ်သို့ ပြန်လည်ရောက်ရှိပြီးနောက် ကျန်းမာသောကြွက်သားပေါက်ငယ်များကို ပုံမှန်အတိုင်း ပေါက်ဖွားပေးနိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံအကယ်ဒမီသည် အဆိုပါ ကြွက်လေးကောင်ကို အောက်တိုဘာ ၃၁ ရက်တွင် ရှန်ကျိုး-၂၁ အာကာသလူသယ်ယာဉ်ဖြင့် တီယန်ကောင်းအာကာသစခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အဆိုပါကြွက်လေးကောင်သည် ရှန်ကျိုး-၂၀ အာကာသယာဉ်မှူးများနှင့်အတူ နိုဝင်ဘာ ၁၄ ရက်တွင် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် သန္ဓေပါလာသည့် ကြွက်မတစ်ကောင်က ပုံမှန်အတိုင်း ကြွက်သားပေါက်ကိုးကောင် ပေါက်ဖွားခဲ့ပြီး ခြောက်ကောင် အသက်ရှင်ခဲ့ကြောင်း သိရသည်။

အထက်ပါ အခြေအနေကို ထောက်ရှုပါက ကာလတိုအာကာသခရီးစဉ်ကြောင့် ကြွက်များ၏ မျိုးပွားစနစ် ထိခိုက်ပျက်စီးမှု မရှိသည်ကို တွေ့ရကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်သိပ္ပံပညာရှင်များသည် နို့တိုက်သတ္တဝါများအပေါ် အာကာသပတ်ဝန်းကျင်၏ အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် အဆိုပါ ကြွက်များကို တီယန်ကောင်း အာကာသစခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း အယ်လ်ဇိုင်းမားကုထုံးများ ပေါ်ထွက်လာနိုင်

**လန်ဒန် ဒီဇင်ဘာ ၃၀**

လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း အယ်လ်ဇိုင်းမားရောဂါအတွက် ထိရောက်သောကုထုံးများ ပေါ်ထွက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အယ်လ်ဇိုင်းမားရောဂါသုတေသနလုပ်ငန်းများ တိုးတက်အောင်မြင်မှုများအရ ၎င်းရောဂါသည် တစ်နေ့နေ့တွင် ကာကွယ်ကုသနိုင်သည့် ရောဂါဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အယ်လ်ဇိုင်းမားရောဂါအတွက် ကုထုံးများမှာ အကန့်အသတ်ရှိနေပြီး ရောဂါလက္ခဏာများကိုသာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ရောဂါဗေဒသုတေသနလုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာမှုကြောင့် အယ်လ်ဇိုင်းမားရောဂါသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကုသ၍ရသည့် ရောဂါတစ်မျိုးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ခန့်မှန်းထားသည်။

အယ်လ်ဇိုင်းမားရောဂါသည် သက်ကြီးပိုင်းများတွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ်ပြီး လက်ရှိအချိန်ထိ ရောဂါဖြစ်ပွားရခြင်း အကြောင်းရင်းကို တိတိကျကျရှင်းပြနိုင်မှု မရှိသေးကြောင်း၊ သို့ရာတွင် Anyloid နှင့် Tau ခေါ် ပရိုတင်းများ ဦးနှောက်အတွင်း စုစည်းမှုကြောင့် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း ဖြစ်နိုင်ကြောင်း သုသေတနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများကြောင့် အဆုတ်ကင်ဆာ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**လန်ဒန် ဒီဇင်ဘာ ၃၀**

အလွန်အကျွံ ပြုပြင်စီရင်ထားသောအစားအစာများ(UPF) ကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ (UPF)သည် နှလုံးရောဂါ၊ ပုံစံ-၂ ဆီးချိုရောဂါနှင့်ကင်ဆာရောဂါများ အပါအဝင် ကျန်းမာရေးပြဿနာ ၃၁ မျိုးနှင့်ဆက်စပ်နေသည်။

သို့ရာတွင် UPF အစားအစာများ စားသုံးမှုသည် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်မှုနှင့်ဆက်စပ်နေကြောင်း ကမ္ဘာ့ကင်ဆာသုတေသနဖောင်ဒေးရှင်းမှ သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့ကင်ဆာသုတေသနဖောင်ဒေးရှင်းမှ သုတေသနပညာရှင်များသည် အသက် ၅၅ နှစ်နှင့် ၇၄ နှစ်ကြား လူပေါင်း ၁၅၅၀၀၀ တို့ကို အချိန်ယူလေ့လာစောင့်ကြည့်ခဲ့ကြကြောင်း၊ ထိုလေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ UPFအစားအစာ အများဆုံးစားသုံးသူများကို အနည်းဆုံး စားသုံးသူများနှင့်နှိုင်းယှဉ်ပါက Non-Small Lung Cancer ခေါ် အဆုတ်ကင်ဆာတစ်မျိုး ဖြစ်နိုင်ခြေ ၃၇ ရာခိုင်နှုန်း၊ Small Cell Lung Cancer ခေါ် အဆုတ်ကင်ဆာဖြစ်နိုင်ခြေမှာ ၄၄ ရာခိုင်နှုန်းမြင့်တက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရတနာပုံအက်ဖ်စီနှင့် ဒဂုံစတား၊ ဒဂုံပေါ့နှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရတနာပုံအက်ဖ်စီနှင့် ဒဂုံစတား၊ ဒဂုံပေါ့နှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်တွင် ပြည့်မိုးနှင့် ပွဲချိန် ၂၇ မိနစ်တွင် မျိုးဇော်ဦးတို့က သွင်းယူခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် ရန်ကျော်ထွေးနှင့် ပွဲချိန် ၅၈ မိနစ်တွင် သိန်းနိုင်ဇော်တို့က သွင်းယူခဲ့ကြသည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၆၃ မိနစ်တို့တွင် မီချယ်၊ ပွဲချိန် ၅၂ မိနစ်တွင် လမင်းထွေးတို့က သွင်းယူခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် မင်းမော်ဦး၊ ပွဲချိန် ၂၈ မိနစ်နှင့် ၄၁ မိနစ်တို့တွင် ပြည့်စုံအောင်တို့က သွင်းယူခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်း၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# လီဗာပူးအသင်းက အငှားစေလွှတ်ထားသည့် မက်ကွန်နယ်ကို စာချုပ်ဖျက်သိမ်း၍ ပြန်လည်ခေါ်ယူ

လန်ဒန် ဒီဇင်ဘာ ၃၀

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက အေဂျက်အသင်းသို့ အငှားချထားသည့် လူငယ်ကစားသမား မက်ကွန်နယ်ကို စာချုပ်ဖျက်သိမ်းကာ အသင်းသို့ ပြန်လည်ခေါ်ယူခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

လီဗာပူးအသင်း လူငယ်အကယ်ဒမီထွက် မက်ကွန်နယ်သည် ၂၀၂၃ ခုနှစ်က အသင်းကြီးနှင့် ပူးပေါင်းခွင့်ရခဲ့ပြီး အသင်းတွင် ပွဲကစားခွင့်မပေးနိုင်သဖြင့် အသင်းတာဝန်ရှိသူများက ကစားသမားကို ငါးနှစ်စာချုပ်သက်တမ်းတိုးခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် အေဂျက်အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကစားသမားအနေဖြင့် အေဂျက်အသင်းတွင် လေးပွဲသာ ပါဝင်ကစားခဲ့ရကာ ခြေစွမ်းပြသရန် ရုန်းကန်နေရသောကြောင့် ကစားသမား၏ တိုးတက်မှုရပ်တန့်လာသဖြင့် အသင်းတာဝန်ရှိသူများက နည်းပြစလော့၏ စီမံကိန်းတွင် ထည့်သွင်း၍ ပွဲကစားချိန်ပေးရန် အငှားစာချုပ်ဖျက်သိမ်းပြီး အသင်းသို့ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လာမည့် ဇန်နဝါရီလတွင် အသင်းသို့ ပြန်လည်ရောက်ရှိမည့် အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမား မက်ကွန်နယ်ကို လီဗာပူးအသင်းက စီနီယာအသင်းကြီးတွင် အရန် ကစားသမားအဖြစ် ထည့်သွင်းအသုံးပြုရန် စီစဉ်ထားသကဲ့သို့ ချန်ပီယံရှစ် ကလပ်အသင်းများဖြစ်ကြသည့် ဝက်စ်ဘရွန်း၊ ဒါဘီ၊ အောက်စ်ဖို့ဒ်၊ ဆွမ်ဆီးအသင်းတို့ကလည်း အငှားခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Goal.com
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ အယ်ချီအသင်း ကွင်းလယ်ကစားသမား မန်ဒိုဇာကို အာဆင်နယ်အသင်းက ဒဏ်ရာရကစားသမား များပြားနေသည့်အတွက် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- ❑ စီးရီးအေ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရရှိထားသည့် နာပိုလီအသင်းကွင်းလယ်ကစားသမား တွန်မီနေးကို မန်ယူအသင်းက ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ပဲလေ့စ်အသင်းက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် စပါးအသင်းမှ တောင်ပံတိုက်စစ်ကစားသမားဂျွန်ဆင်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။
- ❑ လာဇီယိုအသင်းနည်းပြ ဆာရီ နှလုံးခွဲစိတ်မှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သော်လည်း ရက်သတ္တပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် အသင်း၏ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ML

# ရီးရဲလ်မက်ဒရစ်အသင်းမှ ရူဒီဂါကို ပီအက်စ်ဂျီအသင်းနှင့် ဂါလာတာစာရေးအသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပြင်ဆင်

မက်ဒရစ် ဒီဇင်ဘာ ၃၀

ပီအက်စ်ဂျီအသင်းနှင့် ဂါလာတာစာရေးအသင်းတို့က ရီးရဲလ်မက်ဒရစ်အသင်းမှ ခံစစ်ကစားသမားရူဒီဂါကို လာမည့် နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင်အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ ရူဒီဂါသည် ၂၀၂၂ ခုနှစ်က ချဲလ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းထံ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်ဘောလုံးရာသီများတွင် အကောင်းဆုံး ခြေစွမ်းပြသခဲ့သူ ဖြစ်ကြောင်း သိရသည်။

သို့သော် ရူဒီဂါသည်ပြီးခဲ့သည့် ဘောလုံးရာသီကစ၍ ဒဏ်ရာပြဿနာများနှင့် ရုန်းကန်ခဲ့ရပြီး ခြေစွမ်းပိုင်း ကျဆင်းနေသကဲ့သို့ အသက်အရွယ် အပိုင်းအခြားမှာလည်း အကျဘက်ကိုရောက်ရှိနေသဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုခြင်းမရှိဘဲရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုထားခြင်းဖြစ်သည်။

ဥရောပ ထိပ်တန်းကလပ်အသင်းများဖြစ်ကြသည့် ပီအက်စ်ဂျီအသင်းနှင့်ဂါလာတာစာရေးအသင်းတို့က ရူဒီဂါကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အလွယ်တကူခေါ်ယူနိုင်မည့် အခြေအနေများကြောင့် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အပြိုင်ခေါ်ယူရန်ပြင်ဆင်နေပြီး ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းများကလည်း မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းမှုများ လုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရူဒီဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ဘောလုံးရာသီလေးရာသီတွင် ပြိုင်ပွဲစုံ ၁၆၃ ပွဲ ပါဝင်ကစားခဲ့ပြီး ခုနစ်ဂိုး သွင်းယူထားကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ် ပြောကြား

ကယ်လီဖိုးနီးယား ဒီဇင်ဘာ ၃၀

နောက်ကျောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူထားပြီး ကာလရှည် အနားယူနေရသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီ၏ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ပြောကြားခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ယနေ့တွင် အသက် ၅၀ ပြည့်မြောက်ခဲ့သည့် တိုက်ဂါးဝုဒ်သည် မွေးနေ့ပါတီပွဲကျင်းပစဉ် ၎င်းအနေဖြင့် ကစားသမားဘဝမှ အနားယူရန် အစီစဉ်မရှိသေးဘဲ ပြိုင်ပွဲဝင်နိုင်ရေးအတွက် လေ့ကျင့်ရေး အစီစဉ်များတွင် အချိန်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒဏ်ရာသက်သာလာပြီ ဖြစ်သော်လည်း ပုံမှန်အတိုင်း ရာနှုန်းပြည့် ကောင်းမွန်လာစေရေး အတွက် အချိန်ယူရမည် ဖြစ်ကြောင်း တိုက်ဂါးဝုဒ်က ပြောကြားခဲ့သည်။

ပြိုင်ပွဲပြန်ဝင်ရန် စိတ်အားထက်သန်နေသော်လည်း ဒဏ်ရာအခြေအနေ ရာနှုန်းပြည့်ကောင်းမွန်မှသာ ပြိုင်ပွဲပြန်ဝင်မည်ဖြစ်ပြီး အသက်အရွယ်အရ စိတ်ရှည်သည်းခံရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်ဂါးဝုဒ်က "ကျွန်တော့်ရဲ့ ဒဏ်ရာအခြေအနေက တိုးတက်ကောင်းမွန်လာပါပြီ။ ဒီနေ့ဟာ ကျွန်တော့်ရဲ့ အသက် ၅၀ ပြည့်တဲ့နေ့ဖြစ်ပြီးတော့ အသက်အရွယ်အရ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေတုန်းကလို ပုံစံကောင်းနဲ့ ပြိုင်ပွဲပြန်ဝင်ဖို့ကတော့ ခက်ခဲသွားပြီ။ အရင်လို ပြန်မကစားနိုင်တော့ပေမဲ့လဲ ကစားသမားဘဝကို စွန့်လွှတ်ဖို့တော့ အစီစဉ်မရှိသေးပါဘူး။ ဒဏ်ရာ ရာနှုန်းပြည့် သက်သာကောင်းမွန်သွားရင် ပြိုင်ပွဲပြန်ဝင်ဖို့အတွက် ပြင်ဆင်သွားမယ်။ လေ့ကျင့်မှုတွေမှာ အချိန်ပေးသွားမယ်။ ၂၀၂၆ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ ကျွန်တော့်ကို ပြိုင်ပွဲထဲမှာပြန်လည်မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic
Trs : AZL

# 2025 MGM Macau Tennis Masters အသင်းလိုက်တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Team Conchita ဆွတ်ခူး



**မကာအို ဒီဇင်ဘာ ၃၀**

မကာအိုတွင် ကျင်းပခဲ့သည့် 2025 MGM Macau Tennis Masters အသင်းလိုက် တင်းနစ်ပြိုင်ပွဲတွင် Team Conchita အသင်းနှင့် Team Li Na အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Team Conchita အသင်းက(၁၂-၅) မှတ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း The Macao News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Team Conchita အသင်းကို ဝင်ဘယ်ဒန် တင်းနစ်ချန်ပီယံဟောင်းဖြစ်သူ စပိန်တင်းနစ်မယ် ကွန်ချီတာမာတီနက်ဇ်က ဦးဆောင်ခဲ့ပြီး Team Li Na အသင်းကို ဂရန်းစလန်း တင်းနစ်ချန်ပီယံဟောင်း တရုတ်တင်းနစ်မယ် လီနာက ဦးဆောင်ခဲ့သည်။

Team Conchita အသင်းသားများက လက်စွမ်းပြခဲ့ကြပြီး ပြတ်သားသောရလဒ်ဖြင့် အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

2025 MGM Macau Tennis Masters တင်းနစ်ပြိုင်ပွဲတွင် ပရိသတ်စိတ်ဝင်စားမှုကို ရရှိခဲ့သည့်တင်းနစ်မယ်မှာ ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်အီလာဖြစ်ပြီး ဖိလစ်ပိုင်တင်းနစ်လောကမှ ကမ္ဘာ့အဆင့်ကို တက်ရောက်ခဲ့သည့် တင်းနစ်မယ်တစ်ဦးဖြစ်သည်။

တရုတ် ဂန္ထဝင်တင်းနစ်မယ် လီနာက "ဒီနေ့ပြိုင်ပွဲမှာ တင်းနစ်လောကရဲ့ အထင်ကရ ကစားသမားတွေ ပါဝင်လာခဲ့ပါတယ်။ သူတို့နဲ့ ပြန်လည်ဆုံတွေ့ခွင့်ရတာဝမ်းသာပါတယ်။ ကျွန်မအသင်းကရှုံးခဲ့ပေမဲ့လဲ ပျော်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်ခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်မသဘောအကျဆုံးတင်းနစ်မယ်ကတော့ အဲလက်စ်ပဲဖြစ်ပါတယ်။ အဲလက်စ်ကို ပုဂ္ဂိုလ်ရေးအရ သဘောကျသလို သူ့ရဲ့ စွမ်းဆောင်ရည်ကိုလဲ သဘောကျပါတယ်။ အဲလက်စ်ဟာ အခုလိုငယ်ရွယ်သေးတဲ့ အချိန်မှာတောင် သူ့ရဲ့ စွမ်းဆောင်ရည်တွေက ထိပ်တန်းကစားသမားတစ်ယောက်လိုပါပဲ။ ကျွန်မယုံကြည်ပါတယ်။ အဲလက်စ်ဟာ အနာဂတ်မှာ ဒီထက်ပိုပြီးတော့ ကောင်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : The Macao News**

**Trs : AZL**

# အာဖရိကဖလားပြိုင်ပွဲ အုပ်စုပြီးဆုံးချိန်တွင် တောင်အာဖရိကအသင်း ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်

**ပရီတိုးရီးယား ဒီဇင်ဘာ ၃၀**

အာဖရိကဖလားအုပ်စု(B)အုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် တောင်အာဖရိကအသင်းနှင့် ဇင်ဘာဘွေအသင်းတို့ ပွဲစဉ်တွင် တောင်အာဖရိကအသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ ၁၆ သင်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

တောင်အာဖရိက အသင်းသည် အုပ်စု(B)တွင် အီဂျစ်အသင်း၊ အန်ဂိုလာအသင်း၊ ဇင်ဘာဘွေအသင်းတို့နှင့်တွေ့ဆုံခဲ့ပြီး အဖွင့်ပွဲစဉ်တွင် အန်ဂိုလာအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် အီဂျစ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဇင်ဘာဘွေအသင်းနှင့် နောက်ဆုံးပွဲစဉ်တွင် အနိုင်ရကာ ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရန် အကြိတ်အနယ် ကစားခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် တောင်အာဖရိကအသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားခဲ့ရာ ပွဲချိန် ခုနစ်မိနစ်တွင် မိုရီမီ၏ သွင်းဂိုးဖြင့် ဦးဆောင်ခဲ့ပြီးနောက် ဇင်ဘာဘွေအသင်း၏ တန်ပြန်တိုက်စစ်မှ ပွဲချိန် ၁၉ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ကစားအားကျဆင်းသွားခြင်း မရှိသည့် တောင်အာဖရိကအသင်းက ပွဲချိန် မိနစ် ၅၀ တွင် ဖော်စတာ၊ ပွဲချိန် ၈၂ မိနစ်တွင် အပ်ပိုလစ်တို့က ဦးဆောင်ဂိုးများ သွင်းယူခဲ့ကြပြီး ပွဲချိန် ၇၃ မိနစ်တွင် တောင်အာဖရိကခံစစ်ကစားသမား မိုဒီဘာက ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် ဇင်ဘာဘွေအသင်း ချေပဂိုး ပြန်လည်ရရှိခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် တောင်အာဖရိကအသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# ယူ-၁၇ အာရှဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာအသင်း တရုတ်နိုင်ငံနှင့် ကာတာနိုင်ငံတို့တွင် သွားရောက်လေ့ကျင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာယူ-၁၇ အသင်းသည် ယူ-၁၇ အာရှဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် လာမည့်နှစ်အတွင်း တရုတ်နိုင်ငံနှင့် ကာတာနိုင်ငံတို့ထံ သွားရောက်ကာ လေ့ကျင့်ပြင်ဆင်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာယူ-၁၇ အသင်းသည် ယူ-၁၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့် အုပ်စုပွဲစဉ်များတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် အုပ်စုပထမနေရာတွင် ရပ်တည်ခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံက လာမည့် ၂၀၂၆ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူ-၁၇ အာရှဖလားပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၇ အသင်းသည် လာမည့် ၂၀၂၆ ခုနှစ်တွင် ယူ-၁၇ အာရှဖလားပြိုင်ပွဲအပြင် ၂၀၂၆ အာဆီယံယူ-၁၇ ဖလားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သဖြင့် အဆိုပါပြိုင်ပွဲနှစ်ရပ်တွင် အောင်မြင်မှုရရှိရန် ပြည်ပနိုင်ငံများတွင်သွားရောက်ကာ လေ့ကျင့်မှုများ လုပ်ဆောင်မည်ဖြစ်သည်။

မြန်မာယူ-၁၇ အသင်းသည် ပြည်ပ လေ့ကျင့်ရေးခရီးစဉ်များအဖြစ် ၂၀၂၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့သွားရောက်ကာ လေ့ကျင့်မှုများ လုပ်ဆောင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ လေ့ကျင့်ရေးခရီးစဉ်အပြီး ဖေဖော်ဝါရီလတွင် ကာတာနိုင်ငံသို့သွားရောက်ကာ လေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။

မြန်မာယူ-၁၇ အသင်းသည် တရုတ်နိုင်ငံနှင့် ကာတာနိုင်ငံ လေ့ကျင့်ရေး ခရီးစဉ်အတွင်း လေ့ကျင့် ပြင်ဆင်မှုများအပြင် ခြေစမ်းပွဲစဉ်များကိုလည်း ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ဒိုင်လူကြီး ၁၀ ဦးစာရင်းတွင် ပြင်သစ်နိုင်ငံမှ ဒိုင်လူကြီး ကလဲမန့်တာပင် ထိပ်ဆုံး၌ရပ်တည်

**ပဲရစ် ဒီဇင်ဘာ ၃၀**

ထိပ်တန်း အားကစားသတင်းဝက်ဘ်ဆိုက် Give Me Sports က စစ်တမ်းကောက် ဖော်ပြခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ကွင်းလယ်ဒိုင်လူကြီး ၁၀ ဦးစာရင်းတွင် ပြင်သစ်ဒိုင်လူကြီး ကလဲမန့်တာပင်က ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း Give Me Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Give Me Sports က ကွင်းလယ်ဒိုင်လူကြီးများ၏ ပွဲချိန်အတွင်း ဆုံးဖြတ်ချက် မှန်ကန်မှုများ၊ ဆုံးဖြတ်ချက် အမြန်ဆုံး ပြတ်ပြတ်သားသားချမှတ်နိုင်မှုများ၊ ကစားသမားများအပေါ် သြဇာလွှမ်းမိုးမှု၊ နိုင်ငံတကာပွဲစဉ်များနှင့် ကလပ်အသင်းပွဲစဉ်များတွင် တာဝန်ယူ ကြီးကြပ်ရမှုတို့ကို အခြေခံတွက်ချက်ကာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ကွင်းလယ်ဒိုင်လူကြီး ၁၀ ဦးစာရင်းတွင် ပြင်သစ်နိုင်ငံမှ နှစ်ဦးပါဝင်ခဲ့ပြီး ထိပ်ဆုံးနေရာများ၌ရပ်တည်ခဲ့ကာ နာမည်ကြီး အင်္ဂလန်နိုင်ငံမှ တစ်ဦးတည်းသာ ပါဝင်ခဲ့ခြင်းဖြစ်သည်။

Give Me Sports က စစ်တမ်းကောက်ဖော်ပြခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း စွမ်းဆောင်ရည်အကောင်းဆုံး ကွင်းလယ်ဒိုင်လူကြီးစာရင်း၌ ကလဲမန့်တာပင်၏နောက်တွင် ပြင်သစ်နိုင်ငံမှ လီတက်ဇီယာက အဆင့်(၂)၊ ပိုလန်နိုင်ငံမှ မာစီနီလက်က အဆင့်(၃)၊ ရိုမေးနီးယားနိုင်ငံမှ ကိုဗက်က အဆင့်(၄)၊ အင်္ဂလန်နိုင်ငံမှ မိုက်ကယ်အိုလီဗာက အဆင့်(၅)၊ ဂျာမနီနိုင်ငံမှ ဖိလစ်ဇိုယာက အဆင့်(၆)၊ ဆလိုဗေးနီးယားနိုင်ငံမှ ဆလာဗက်ကိုဗင်စစ်က အဆင့်(၇)၊ သြစတြီးယားနိုင်ငံမှ ဖာဂါနီက အဆင့်(၈)၊ အီတလီနိုင်ငံမှ မာရီနီက အဆင့်(၉)၊ ဆွစ်ဇာလန်နိုင်ငံမှ ဆန်ဒရိုက အဆင့်(၁၀) နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ISPE အသင်းနှင့် ရွှေဝတီအသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနှင့် ရွှေဝတီအသင်းတို့ နိုင်ပွဲရခဲ့ကြကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရွှေဝတီအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ရွှေဝတီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရွှေဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် ဖြူဖြူဝင်းနှင့် ပွဲချိန် ၇၂ မိနစ်တွင် ဇီတာရှင်းတို့က သွင်းယူခဲ့ကြသည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ISPE အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် သန်းသန်းနွယ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ISPE အသင်းက ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဆက်လက်ဦးဆောင်ထားကြောင်း သိရသည်။

**STA**

# နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကြည့်စေလို

**မောင်စိန်အိ(နဘဲမြေ)**

မကြာမီ ၂၀၂၅ ခုနှစ် ကုန်ဆုံးတော့မည်ဖြစ်သည်။ စာရေးသူတို့အနေဖြင့် ပြီးခဲ့သောတစ်နှစ်အတွင်း ထူးခြားသောပြောင်းလဲတိုးတက်မှုကို ဖော်ဆောင်နိုင်စွမ်းမရှိခဲ့လျှင် တန်ဖိုးရှိသောအချိန်များကို အလဟဿဖြုန်းတီးခဲ့ခြင်းဖြစ်သည်။ မိမိနှင့် မိမိနိုင်ငံအတွက် အပြုသဘောဆောင်သော ပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်နိုင်ရန် အချိန်နှင့်အမျှ တစိုက်မတ်မတ် ကြိုးပမ်းနေရန်လိုအပ်သည်။ လူ့သက်တမ်းသည် တိုလွန်းလှသည်။ ထိုသို့ တိုတောင်းလှသော ကာလအတွင်းအဓိပ္ပာယ်ရှိသော အလုပ်များကိုနေ့စဉ်ပြုလုပ်၍ မိမိဘဝကိုတန်ဖိုးရှိအောင် တည်ဆောက်သွားရန်လိုအပ်ပေသည်။

**နှစ်ဟောင်းတွင်ကြုံတွေ့ခဲ့ရ**

လူတိုင်းသည် နှစ်ဟောင်းတွင် အောင်မြင်တိုးတက်မှုနှင့်ကျရှုံးမှု နှစ်မျိုးစလုံး ကြုံတွေ့ခဲ့ကြရမည်ဖြစ်သည်။ အချိန်ကိုစနစ်တကျစီမံခန့်ခွဲနိုင်သူများ၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးအားထုတ်ကြိုးပမ်းသူများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူများသည် နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုရရှိခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ ရည်မှန်းချက်ပျောက်ဆုံးနေသူများ၊ အချိန်ဖြုန်းသူများ၊ ပျင်းရိသူများ၊ ဝေဖန်လေကန်နေသူများသည် အောင်မြင်မှုတစ်စုံတစ်ရာမျှမရရှိဘဲ အသက်တစ်နှစ်သာ ကြီးသွားမည်ဖြစ်သည်။

**အောင်မြင်မှုဆိုသည်မှာ**

လူသားတို့သည် အောင်မြင်မှုကို ယေဘုယျအားဖြင့် ငွေကြေး၊ ရာထူးတို့ဖြင့် တိုင်းတာကြသည်။ ထိုအရာများသည် စစ်မှန်သောအောင်မြင်မှုဟုမဆိုနိုင်ချေ။ စစ်မှန်သောအောင်မြင်မှုသည် ပြီးခဲ့သောတစ်နှစ်အတွင်း မိမိ၏လောဘ၊ ဒေါသ၊ မောဟများကို မည်မျှလျှော့ချနိုင်ခဲ့သည်ဆိုသော အချက်ပေါ်တွင်သာမူတည်သည်။ နောက်တစ်ချက်သည် ၂၀၂၅ ခုနှစ်အတွင်း ဆေးရုံ၊ ဆေးခန်းမသွားရဘဲ ကျန်းမာရေးကောင်းမွန်ခဲ့မည်ဆိုလျှင် ကျန်းမာရေးတွင် အောင်မြင်မှုရရှိသူဖြစ်သည်။ ထို့ထက် အောင်မြင်မှုရရှိသူသည် အများအကျိုးကို သယ်ပိုးနိုင်ခဲ့သူဖြစ်သည်။

**လိပ်ပြာသန့်ဖို့လို**

အချို့သောသူများသည် ရည်မှန်းထားသည်ထက်ပင် ပိုမိုအောင်မြင်မှု ရရှိခဲ့ကြမည်ဖြစ်သည်။ အချို့သောသူများသည် ကံအကြောင်းမလှသဖြင့် ထင်သလောက် အောင်မြင်မှုရရှိခဲ့မည်မဟုတ်ချေ။ သို့သော် မိမိအောင်မြင်မှုရရှိရေး၊ မိမိကြီးပွားချမ်းသာရေး၊ မိမိလုပ်ပိုင်ခွင့်ရရှိရေး၊ မိမိရာထူးအဆင့်အတန်းတိုးမြှင့်ခံရရေးအတွက် အခြားသူများအပေါ် ကောက်ကျစ်ယုတ်မာခြင်း၊ ခုတုံးလုပ်ခြင်း၊ နင်းခြေတတ်ခြင်း စသည့်လုပ်ရပ်မျိုးကို မလုပ်မိရန် အထူးလိုအပ်သည်။

အချို့သောသူများသည် ကျိုကျိုတက်အောင်မြင်ကြီးပွားနေကြသော်လည်း တစ်နေ့တစ်ညမျှ နှစ်ခြိုက်စွာမအိပ်စက်နိုင်ကြပေ။ လက်ဝယ်တွင်ရှိနေသောပိုင်ဆိုင်မှုပစ္စည်းများသည် ကိုယ်တိုင်ဝီရိယစိုက်ထုတ်ကြိုးပမ်းမှုမပါရှိဘဲ မလျော်မကန်ရရှိထားမည်ဆိုလျှင် ထိုပစ္စည်းများအတွက် ရတက်မအေးဖြစ်နေကြရမည်ဖြစ်သည်။ ထို့ပြင် အဂတိလိုက်စားမှုကြောင့် ရရှိထားသောငွေကြေး၊ ပစ္စည်းများဖြစ်နေမည်ဆိုလျှင်လည်း နောက်ကြောင်းအေးနိုင်ကြမည်မဟုတ်ချေ။ ဆိုရလျှင် သမ္မာအာဇီဝဖြင့် လုပ်ကိုင်ရှာဖွေထားသောငွေကြေး၊ ပစ္စည်းသည်သာလျှင် ဖြူစင်သန့်ရှင်းမှုရှိမည်ဖြစ်သည်။ သို့မှသာလျှင် ထိုငွေကြေး၊ ပစ္စည်းများကို စိတ်ချလက်ချသုံးစွဲနိုင်မည်ဖြစ်သည်။

**အများအကျိုးသယ်ပိုးသူသာလျှင်**

စာရေးသူတို့အနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် အောင်မြင်မှုရရှိသည်ဟုဆိုနိုင်သည်။ အမှန်စင်စစ်မှာမူ အများအကျိုး မည်မျှသယ်ပိုးဆောင်ရွက်နိုင်သည့်အပေါ်မူတည်၍ ကျွန်တော်တို့၏အောင်မြင်မှုကို တိုင်းတာနိုင်သည်ဟုဆိုချင်သည်။ အချို့သောသူများသည် ထားစရာမရှိအောင်ချမ်းသာကြသည်။ သို့သော် ဆင်းရဲနွမ်းပါးဒုက္ခရောက်သူများအတွက် တစ်ပြားတစ်ချပ်မျှပင် လှူဒါန်းလေ့မရှိပေ။ မိမိ၏ပိုင်ဆိုင်မှုများကို များသည်ထက်ပိုမိုများပြားလာအောင်သာ လောဘတက်နေကြသည်။ ထိုသူများသည် သေဆုံးချိန်တွင် ပိုင်ဆိုင်မှုပစ္စည်းများအားလုံးကို ထားခဲ့ကြရသည်။

**မိဘများကိုထောက်ပံ့ခွင့်ရ**

စာရေးသူကိုယ်တိုင်လည်း ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်မိပါသည်။ မိမိ၏ဆောင်ရွက်ခဲ့မှုများအပေါ် အတိုင်းအတာတစ်ခုထိ ကျေနပ်မိပါသည်။ သို့သော် ပိုမိုကောင်းမွန်အောင် လေ့လာဆည်းပူးကြိုးပမ်းနေရဦးမည်ဖြစ်သည်။ ငယ်စဉ်က မြို့ပြနှင့်အလှမ်းဝေးသော အညာကျေးလက်တောရွာလေးတွင် မွေးဖွားကြီးပြင်းခဲ့ရသော်လည်း စာအုပ်စာပေကို ချစ်မြတ်နိုးခဲ့သည်။ လက်ရှိအချိန်တွင် စာပေကျေးဇူးတရားကြောင့် အိုမင်းမစွမ်း ကျေးဇူးရှင်မိဘနှစ်ပါးကို စာမူခလေးများဖြင့် လစဉ်ကန်တော့ခွင့်ရရှိနေသည်။

**လက်တွေ့ကျကျကြိုးပမ်းသွားရန်လို**

စင်စစ်အားဖြင့် လူတစ်ဦးသည် စား၊ ဝတ်၊ နေရေးအပြင် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်ပေါင်းစုံတွင် ဆောင်ရွက်ဖွယ်ရာများမြောက်မြားစွာရှိနေသည်။ ထိုတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်သည် ကိုယ်စီခံယူချက်နှင့် ကြိုးပမ်းအားထုတ်မှုများပေါ်တွင်သာ မူတည်နေသည်။ လူတစ်ဦးသည် နှစ်ဟောင်းတွင် မိမိ၏မိသားစုနှင့် လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းမရှိလျှင် ထိုသူသည် တိုင်းပြည်နှင့်လူမျိုးအတွက် လူပိုတစ်ဦးသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် လူ့လောကတွင် လူပိုတစ်ဦးလိုဖြစ်မနေစေရန် နှစ်သစ်အတွက် စိတ်ကူးအိပ်မက်သစ်များ ချမှတ်ထားသင့်သည်။ ထိုစိတ်ကူးမျှော်မှန်းချက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် ၂၀၂၆ ခုနှစ် နှစ်ဆန်းတစ်ရက်မှစ၍ လက်တွေ့ကျကျ ကြိုးပမ်းသွားရန်လိုအပ်ပေသည်။

> ❖ စင်စစ်အားဖြင့် နှစ်ဟောင်းအတွေ့အကြုံများကို သင်ခန်းစာယူပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေမည်ဖြစ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ❖

စင်စစ်အားဖြင့် နှစ်ဟောင်း အတွေ့အကြုံများကို သင်ခန်းစာယူပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေမည်ဖြစ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

**နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကြည့်စေလို**

ဆိုရလျှင် ၂၀၂၅ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ်ဖြစ်သော ၂၀၂၆ ခုနှစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ နှစ်ဟောင်းကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် လူတစ်ဦးချင်းစီသည် မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်သစ္စာရှိပြီး တာဝန်ကျေပွန်စွာထမ်းဆောင်သူများသည် အောင်မြင်မှုရရှိခဲ့သူများဖြစ်ကြသည်။ အခြေခံအကျဆုံးသည် မိသားစုတာဝန်ကျေပွန်ရန် အထူးလိုအပ်သည်။ အထူးသဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို တတ်နိုင်သမျှသယ်ပိုးခဲ့သူများ၊ ကိုယ်ကျိုးစွန့်ကာ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူများသည် နှစ်ဟောင်းတွင် အောင်မြင်မှုရရှိသူများဖြစ်သည်။ အများအကျိုးသယ်ပိုးဆောင်ရွက်သူများသည် စိတ်ချမ်းမြေ့မှုရရှိမည်ဖြစ်သည်။

ထို့ကြောင့် စာရေးသူတို့အနေဖြင့် နှစ်ဟောင်းတွင် ကြုံခဲ့ရသည့် အားနည်းချက်များကို ပြင်ဆင်ကာ နှစ်သစ်တွင် မိမိ၏လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေစွာပူးပေါင်းဆောင်ရွက်ခြင်း၊ မိသားစုများကို အချိန်ပေးခြင်း၊ အများအကျိုးကို တတ်နိုင်သမျှ သယ်ပိုးဆောင်ရွက်ခြင်း၊ ဘာသာတရားအဆုံးအမများနှင့်အညီ ပြောဆိုပြုမူ ကျင့်ကြံနေထိုင်ခြင်းဖြင့် လူသားပီသစွာနေထိုင်သွားကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ဖာပွန် ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါတံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်း မပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

# အဆိပ်သင့်ဝိုင် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၃၀**

Royal King ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အဆိပ်သင့်ဝိုင် ရုပ်သံဇာတ်လမ်းတွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ Channel 7 ရုပ်သံလိုင်းမှထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေလသံစဉ်ထံမှ သိရသည်။

အဆိုပါ အဆိပ်သင့်ဝိုင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လုံမက ရေးသားထားပြီး ဒါရိုက်တာထက်ကြီးက Royal King ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"မေလက ဒီဇာတ်လမ်းတွဲလေးမှာDJတီးတဲ့ကောင်မကလေး တစ်ယောက်နေရာက ပါဝင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲက ဒရာမာကိုမှ နည်းနည်းအလောင်လေးတွေလဲပါတယ်။ ဖက်ရှင်ပိုင်းတွေရော၊ ဒီဇိုင်းတွေရော ကာရိုက်တာနဲ့ လိုက်ဖက်အောင် ပြင်ဆင်ထားပြီးမှ သေသေချာချာလေး လုပ်ထားပါတယ်"ဟု သရုပ်ဆောင် မေလသံစဉ်က ပြောပြသည်။

အဆိပ်သင့်ဝိုင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ဘုန်းမင်းနေလ၊ နေရှိုင်း၊ လင်းသစ်အောင်၊ မင်းသူ၊ ဘုန်းလျှံ၊ ကျော်ဇင်ထွဋ်၊ နန်းခင်ဇေယျာ၊ မေလသံစဉ်၊ ကျော်ကျော်အိန္ဒြာ၊ ယွန်းဖြူစင်နွယ်၊ နွေးနွေးချစ်ဖွယ်၊ ချယ်ချယ်၊ မြင့်မြတ်မိုး၊ အေးမြတ်နိုးစံ၊ ဝါဝါအောင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၆ နာရီတွင် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# နာတာရှာလိုင်ယွန်နီက Bambo ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်

**နယူးယောက် ဒီဇင်ဘာ ၃၀**

Poker Face မင်းသမီး နာတာရှာလိုင်ယွန်နီသည် Bambo အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Bambo ဇာတ်ကားသည် လက်တွေ့လောကကိုအားပေးမြှင့်တင်ရန်ကြိုးစားသော်လည်း အောင်မြင်မှုမရှိခဲ့သည့် ဖခင်တစ်ဦးနှင့် သမီးဖြစ်သူတို့အကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဒရာမာဇာတ်ကားဖြစ်သည်။

Bambo ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို နာတာရှာလိုင်ယွန်နီ ကိုယ်တိုင်ရေးသားမည်ဖြစ်ကြောင်း သိရသည်။

Bambo ဇာတ်ကားသည် မင်းသမီး နာတာရှာလိုင်ယွန်နီ ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည့် ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး နာတာရှာလိုင်ယန်နီ ဒါရိုက်တာအဖြစ် ပထမဆုံးရိုက်ကူးခဲ့သည့်ဇာတ်ကားမှာ Uncanny Valley သိပ္ပံဇာတ်ကားဖြစ်သည်။

Bambo ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ၂၀၂၆ ခုနှစ် နွေရာသီအတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# တေးသံရှင် နီနီခင်ဇော်၏ New Year Countdown တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

တေးသံရှင် နီနီခင်ဇော်၏ New Year Countdown တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် နီနီခင်ဇော်ထံမှ သိရသည်။

အဆိုပါ New Year Countdown တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် နီနီခင်ဇော်၏ သီဆိုဖျော်ဖြေမှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း၊ Secret Pieces Dance Crews ၏အကောင်းဆုံးတင်ဆက်မှုများဖြင့်လည်း အားဖြည့် တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။




"၂၀၂၆ Happy New Year ကို နီနီနဲ့အတူ ဖြတ်သန်းဖို့အတွက် အသင့်ဖြစ်နေကြပြီလား။ နီနီတို့သီချင်းတွေ အများကြီးသီဆိုမှာဖြစ်သလို New Year Countdown ကိုလဲ နီနီနဲ့အတူ ရေတွက်ကြရအောင်။ Secret Pieces Dance Crews ရဲ့ အမိုက်စားဖျော်ဖြေမှုတွေကိုလဲ တဝကြီးကြည့်ရှုရအုံးမှာမို့ ၃၁ ရက် ညကို မမေ့ကြနဲ့နော်" ဟု တေးသံရှင် နီနီခင်ဇော်က ပြောပြသည်။

တေးသံရှင် နီနီခင်ဇော်၏ New Year Countdown တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၁ ရက် ည ၆ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# Sleeping Dogs ဇာတ်ကားသစ်ကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၃၀**

Sleeping Dogs အမည်ရှိ အက်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Sleeping Dogs ဇာတ်ကားသည် ကမ္ဘာကျော်ဗီဒီယိုဂိမ်းတစ်ခုဖြစ်သော Sleeping Dogs ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Sleeping Dogs ရုပ်ရှင်ဇာတ်ကာကို ဒါရိုက်တာ တီမိုဂျာဂျန်တိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်းကို Shang-Chi မင်းသား စီမူလျူက အတည်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

မင်းသား စီမူလျူသည် Sleeping Dogs ဇာတ်ကား၌ အဓိကဇာတ်ကောင်အဖြစ် ပါဝင်မည်ဖြစ်ပြီး လက်ရှိအချိန်တွင် Sleeping Dogs ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို စီမူလျူက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Sleeping Dogs ဗီဒီယိုဂိမ်းကို ကမ္ဘာကျော်အက်ရှင်မင်းသား ဒွန်နီယာန်းက ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ဒုတိယအဆင့်ရွေးချယ်ပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် ရွှေကြိုမောင်မယ်များ ဒုတိယအဆင့် ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေကြိုမောင်မယ် ဒုတိယအဆင့် ရွေးချယ်ပွဲတွင် ပထမပိုင်း အစီအစဉ်အနေဖြင့် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ လျှောက်လွှာအမှတ်စဉ် (၀၀၀၃) မှ လျှောက်လွှာအမှတ် (၀၁၇၁)ထိ ရွေးချယ်မှုပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ လျှောက်လွှာ အမှတ် (၀၀၁၇၂) မှ လျှောက်လွှာအမှတ် (၀၀၂၉၆)ထိ စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

"ဒီနေ့ကတော့ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ ဗဟုသုတတွေမေးတာပါ။ ရွေးချယ်မှုစနစ်ကတော့ ခဏခဏပြောပြဖူးပါတယ်။ ဒိုင်အားလုံးပေးတဲ့ အမှတ်တွေကိုပေါင်းပြီး အမှတ်အများဆုံးသူတွေကိုရွေးတာပါ။ တချို့ကျန်ခဲ့တယ်ဆိုတာ ရမှတ်နည်းလို့ပဲ။ အားလုံးကတော့ကြိုးစားကြတာမြင်ရတယ်။ ရွှေကြိုဆိုတာက သရုပ်ဆောင်ရွေးတာ မဟုတ်တဲ့အတွက် ရုပ်ရည်လှလှပပနဲ့ စင်ပေါ်ကြည့်လို့လှမဲ့ အနေအထားကိုအဓိကရွေးတာပါ"ဟု ရွှေကြိုမောင်မယ်များ ရွေးချယ်ပွဲတွင် အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သူ သရုပ်ဆောင် မေသန်းနုက ပြောပြသည်။

အဆိုပါ ရွှေကြိုမောင်မယ်များ ဒုတိယအဆင့် ရွေးချယ်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ခန့်စည်သူ၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်၊ ဒါရိုက်တာ မောင်သီတို့ ပါဝင်ကြောင်း သိရသည်။

ASH

# 525 illegal buildings used for online fraud and gambling activities in KK Park area systematically demolished

## Confiscated items used in such crimes continuing to be systematically burned and destroyed



An illegally constructed one-storey residential building in KK Park Area (Section 3).

Before demolition. After demolition.

**Nay Pyi Taw December 30**

The Myanmar government is conducting clearance operations in illegal buildings located in the Shwe Kokko and KK Park areas, where online fraud and gambling activities are most heavily concentrated. These operations include entering and clearing illegal premises, demolishing confiscated illegal structures, and destroying items seized from online fraud and gambling operations. The activities are being carried out by a joint task force comprising security forces, administrative bodies, and responsible local authorities. It is reported that six additional illegal buildings in the KK Park area were demolished today.

Today, within Section (3) of the Myawady–Maehtawthalay (KK Park) area, one illegal four-storey building, two illegal two-storey buildings, and three illegal single-storey buildings—a total of six illegal structures used for online fraud and gambling—were further demolished. As a result, out of 635 illegal buildings identified in the KK Park area, 525 have now been systematically demolished.

In addition, to ensure complete destruction, illegal buildings in the KK Park area that had already been demolished using heavy machinery have also been further destroyed using controlled air and fire methods. This process has been ongoing since December 14, and as of today, five additional two-storey buildings have been completely destroyed, bringing the total number of buildings fully destroyed to 76.

Furthermore, items used in online fraud and gambling activities within the KK Park area were again systematically burned today to prevent any reuse. The government has stated that combating online fraud and gambling is being treated as a national duty, and efforts will continue to ensure such crimes cannot take root in Myanmar. These measures will be carried out in coordination not only with domestic forces but also with the governments of neighbouring countries.

100



Burning and destruction of equipment used by perpetrators involved in online fraud and gambling within the KK Park area.

# Sudan's 2025 -- a year of shifting fronts, deepening crises

**Khartoum December 30**

The year 2025 proved pivotal in Sudan's conflict, characterized by dramatic military shifts, stalled diplomacy, and a persistent humanitarian catastrophe widely regarded as the world's largest.

Militarily, the year saw a clear reversal of fortunes. The Sudanese Armed Forces (SAF) made significant gains in the first half, recapturing key sites including Wad Madani, the Presidential Palace, and Khartoum International Airport, and declaring the capital cleared of Rapid Support Forces (RSF) units.

However, military analyst Abdul-Jalil Ismail told Xinhua that these gains restored "the symbolism of the state" but lacked "a coherent political framework," allowing the RSF to regroup.

From June, the RSF launched a major western offensive, capturing El Fasher, Babanusa, and the Heglig oil field.

Conflict analyst Naji Ajeeb said that this created a "de facto territorial division," with the RSF largely controlling western Sudan and the SAF holding central and eastern regions.

Diplomatic efforts, though intensified, yielded no breakthrough. The International Quartet's proposed roadmap for a truce and transition was not implemented.

Political fragmentation worsened. The formation of an RSF-aligned parallel government was met with the appointment of a new prime minister by the transitional authorities.

Analyst Abdul-Rahim Al-Sunni warned this rivalry risks a prolonged legitimacy crisis, shifting the conflict "from a struggle over power to one over legitimacy."

Humanitarian trends were uneven. Improved security in some areas allowed over 3 million displaced people and refugees to return. However, famine conditions were confirmed in El Fasher and Kadugli, with 20 other areas at high risk. Xinhua

# Hamas confirms death of spokesman of its military wing

**Gaza December 30**

Hamas' armed wing, the Al-Qassam Brigades, announced on Monday that its military spokesperson Abu Obeida had been killed during the Israeli offensive on the Gaza Strip.

The announcement was made by a newly-appointed spokesperson, who assumed the same nom de guerre, Abu Obeida, during a televised press conference.

The new spokesperson, wearing the uniform associated with the title, confirmed that Abu Obeida, whose real name was Hudhaifa Samir Al-Kahlout and also known as Abu Ibrahim, had died.

He said Abu Obeida "remained connected to his people during the darkest circumstances" and confirmed that several other senior leaders were also killed, including former Hamas military leader Mohammed Sinwar.

In 2005, Abu Obeida was appointed the military group's official spokesperson.

He became widely known after announcing the capture of Israeli soldier Gilad Shalit in 2006 and later gained prominence during Israeli military offensives on Gaza, particularly in 2014.

Abu Obeida delivered his last recorded statement on July 18, and was killed in an Israeli airstrike on Gaza on Aug. 30, according to sources within Hamas. Xinhua



Abu Obeida (C), a spokesman for Hamas' armed wing, holds a press conference in Gaza City March 26, 2010.

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Local farmers plant more than 8,000 acres of onion in Monywa District



An onion plantation in Monywa District.

**Monywa December 30**

Local farmers have planted 8,809 acres of onion as cold season crops in Monywa District of Sagaing Region this year, according to the district Agriculture Department.

During the 2025-2026 winter cropping season, Monywa District plans to cultivate 11,233 acres of onions. Planting began in October this year, and as of now, cultivation has been completed on 8,809 acres—including 7,663 acres in Monywa Township, 413 acres in Budalin Township, 269 acres in Ayadaw Township, and 464 acres in ChaungU Township, according to reports.

"During this year's winter cropping season in Monywa District, onions were planned for cultivation on 11,233 acres, and planting has already been completed on 8,809 acres. Efforts are being made to meet the full target acreage. Onion cultivation is proceeding as usual, and we are also facilitating market linkages to help ensure favourable prices," said Daw San San Myint, District Head of the Monywa District Department of Agriculture.

For the 2025-2026 winter season, township-level targets for onion cultivation in Monywa District are set at 7,350 acres in Monywa Township, 3,100 acres in Budalin Township, 263 acres in Ayadaw Township, and 520 acres in ChaungU Township, totaling 11,233 acres, it is learned.

In Monywa District, the respective township Departments of Agriculture are supporting onion farmers by facilitating market connections to help them secure good prices, providing technical guidance on long-term storage, promoting cultivation under GAP practices, and assisting farmers in producing high-quality onions.

It is reported that onion farmers incur production costs of around K1.8 million per acre, with an average yield of 5,000 viss per acre.

Across the Sagaing Region, onions are widely cultivated, with the largest onion-growing townships being Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

# More than 14,000 acres of croplands under sesame plantations in KhinU Township

**KhinU December 30**

Statistics of KhinU Township Agriculture Department mentioned that local farmers have planted 14,144 acres of sesame as cold season crops in KhinU Township of Sagaing Region this year.

During the 2025-2026 winter cropping season, KhinU Township planned to cultivate 12,422 acres of sesame. Planting began in October this year, and as of now, cultivation has been completed on 14,144 acres, exceeding the target, according to reports.

"During this year's winter cropping season in KhinU Township, sesame cultivation was planned on 12,422 acres, but planting has already been completed on 14,144 acres. Sesame cultivation has been increasing year by year. Farmers mainly grow sesame during the winter season rather than the monsoon season. As an oil crop, sesame is currently performing well," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

This year, the KhinU Township Department of Agriculture has been providing guidance to sesame farmers on expanding cultivation, proper farming techniques, adoption of GAP practices, use of quality and pure seeds, and cultivation of high-yielding varieties, it is learned.

Crops produced under the GAP system are reported to have higher quality than those grown using other cultivation methods, command better prices, and can be marketed not only domestically but also in export markets. As a result, farmers adopting GAP-based production are expected to achieve greater economic benefits and improved livelihoods. 206

# More than 8,000 acres of croplands placed under black gram in Yinmabin District

**Yinmabin December 30**

Statistics of Sagaing Region Agriculture Department mentioned that a total of 8,954 acres of black gram was planted in Yinmabin District of Sagaing Region this year.

During the 2025-2026 winter cropping season, Yinmabin District has set a target of cultivating 10,478 acres of black gram. Planting began in October this year, and as of today, 340 acres have been completed in Yinmabin Township, 5,441 acres in Kani Township, 113 acres in Salingyi Township, and 3,060 acres in Pale Township, bringing the total planted area to 8,954 acres, according to reports.

"During this year's winter cropping season in Yinmabin District, more than 10,000 acres of black gram were targeted for cultivation, and more than 8,900 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. During the black gram planting period, we are also conducting field-level activities to provide necessary technologies, quality seeds, and pest and disease prevention methods," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Department of Agriculture.

For the 2025-2026 winter cropping season, the township-wise black gram cultivation targets in Yinmabin District are 600 acres in Yinmabin Township, 110 acres in Kani Township, 6,700 acres in Salingyi Township, and 3,068 acres in Pale Township, totaling 10,478 acres, it is reported.

In Yinmabin District, the township Departments of Agriculture are providing awareness and technical support to black gram farmers, including access to suitable and quality seed varieties adapted to local conditions, proper cultivation practices, pest and disease management, systematic use of fertilizers, and measures to improve crop yields.

In addition, during this year's monsoon cropping season, the relevant township Departments of Agriculture are working in cooperation with farmers to improve yields and quality in various pulse crops by providing quality seeds, agricultural inputs, and post-harvest technologies, according to reports. 206

# Kalay Township cultivates more than 6,000 acres of sunflower this year

**Kalay December 30**

Local farmers grew 6,588 aces of sunflower as cold season crops in Kalay Township of Sagaing Region, accoridng to the township Agriculture Department.

During the 2025–2026 winter cropping season, Kalay Township has set a target of cultivating 48,482 acres of winter sunflower. Planting began in October this year, and as of today, 6,588 acres have already been planted, according to reports.

"During this year's winter cropping season in Kalay Township, more than 48,000 acres of sunflower were targeted for cultivation, and more than 6,000 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. To reduce reliance on imported edible oil, we are expanding the cultivation of oilseed crops, particularly sunflower. As an oilseed crop, sunflower yields more oil per acre than groundnut and sesame. Sunflower is cultivated only during the winter season," said Daw Man Oe, Township Head of the Department of Agriculture in Kalay Township.

In Kalay Township, the Department of Agriculture is intensifying awareness and training programmes to expand sunflower cultivation, and is conducting accelerated training to enhance the capacity of both departmental staff and sunflower-growing farmers, it is reported.

This year, in Kalay Township, arrangements are also being made to support sunflower farmers by supplying seeds, ensuring the sale of urea fertilizer at affordable prices, and distributing harvested sunflower seed varieties through farmer-to-farmer exchange systems. 206

# Katha District grows more than 1,000 acres of onions this year

**Katha December 30**

The Agriculture Department of Katha District in Sagaing Region stated that local farmers have planted more than 1,000 acres of onion in the district.

During the 2025-2026 winter cropping season, Katha District has set a target of cultivating 1,700 acres of onion. Planting began in October this year, and as of today, 52 acres have been completed in Katha Township and 1,028 acres in Htigyaing Township, bringing the total planted area to 1,080 acres, according to reports.

"This year, during the winter cropping season in Katha District, we have planned to cultivate 1,700 acres of onion. As of today, 1,080 acres have already been planted. We are continuing efforts to ensure that the full targeted acreage is achieved. Onion cultivation is proceeding as usual. We are also facilitating market linkages so that onions can obtain good prices," said Daw Khin Myat Myat Oo, District Head of the Department of Agriculture in Katha District.

For the 2025–2026 winter cropping season, the township-wise onion cultivation targets in Katha District are 110 acres in Katha Township, 300 acres in Indaw Township, 730 acres in Htigyaing Township, and 560 acres in Bamauk Township, totalling 1,700 acres, it is reported.


In Katha District, the respective township Departments of Agriculture are providing support to onion farmers by facilitating market connections to help them secure good prices, offering technical guidance to improve storability for long-term keeping, promoting cultivation under Good Agricultural Practices (GAP), and assisting farmers in producing high-quality onions.

Onion farmers reportedly incur production costs of around K1.8 million per acre, with an average yield of 5,000 viss per acre.

In Sagaing Region, onions are widely cultivated. The townships with the largest onion-growing areas are Monywa, Yinmabin, ChaungU, Shwebo, and Myinmu. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန် Northrop Grumman ကုမ္ပဏီက ဒုံးကျည်ခြေရာခံဂြိုဟ်တုကွန်ရက်ကို တိုးချဲ့တည်ဆောက်မည်



ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ Proliferated Warfighter Space Architecture (PWSA) ခေါ် ဒုံးကျည်ခြေရာခံ ဂြိုဟ်တုကွန်ရက်ကို တိုးချဲ့တည်ဆောက်ရန်အတွက် အမေရိကန်နိုင်ငံအခြေစိုက် Northrop Grumman ကုမ္ပဏီသည် အမေရိကန် အာကာသဖွံ့ဖြိုးရေးအေဂျင်စီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

PWSA အစီအစဉ်သည် အာကာသ ဟင်းလင်းပြင်မှတစ်ဆင့် ကမ္ဘာလုံးဆိုင်ရာ ဒုံးကျည်ပစ်လွှတ်မှုများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ခြေရာခံခြင်းလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

Tracking Layer Tranche 3 ဟုသိကြသည့် ဤလုပ်ငန်းစဉ်အောက်တွင် Northrop Grumman ကုမ္ပဏီသည် ဟိုက်ပါဆောနစ် လက်နက်များအပါအဝင် အဆင့်မြင့်ဒုံးကျည်ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ် ခြေရာခံနိုင်စွမ်းရှိသော ဂြိုဟ်တုကွန်ရက်တစ်ခုကို တည်ဆောက်သွားမည်ဖြစ်သည်။ ဤစနစ်သည်အဆက်မပြတ် စောင့်ကြည့်နိုင်ရန်နှင့် အချက်အလက်များကို လျင်မြန်စွာမျှဝေနိုင်ရန်အတွက် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်ထားသော ဂြိုဟ်တုကွန်ရက်အပေါ် အခြေခံထားခြင်းဖြစ်သည်။

ချုပ်ဆိုခဲ့သော စာချုပ်အရ Northrop Grumman ကုမ္ပဏီသည် အနီအောက်ရောင်ခြည်သုံး အာရုံခံကိရိယာများ တပ်ဆင်ထားသည့် ဂြိုဟ်တု ၁၈ စင်းကို ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ PWSA ဒုံးကျည်ခြေရာခံဂြိုဟ်တုထုတ်လုပ်ရေးအတွက် သီးသန့်သတ်မှတ်ထားသော စက်ရုံနေရာကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

Tracking Layer Tranche 3 သည် ဒုံးကျည်စတင်ပစ်လွှတ်သည့် အစောပိုင်းအဆင့်မှသည် ကြားဖြတ်ဟန့်တားနိုင်သည့်အဆင့်ထိ ကြိုတင်သတိပေးချက်များကို ပံ့ပိုးပေးမည်ဖြစ်ပြီး ကြားဖြတ်တိုက်ခိုက်ရေးစနစ်များအတွက် တိကျမှုမြင့်မားသည့် ပစ်ခတ်မှုထိန်းချုပ်ရေးဆိုင်ရာ ပစ်မှတ်အချက်အလက်များကိုလည်း ပေးပို့သွားမည်ဖြစ်သည်။ ဤခြေရာခံထိန်းကျောင်းရေးအလွှာသည် ကမ္ဘာတစ်ဝန်းရှိ တပ်ဖွဲ့ဝင်များထံသို့ ခြေရာခံထားသည့် အချက်အလက်များကို ကြန့်ကြာမှုမရှိ ပေးပို့နိုင်သည့် ဆက်သွယ်ရေးကွန်ရက်ဖြစ်သော သယ်ယူပို့ဆောင်ရေးအလွှာနှင့် အနီးကပ်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်အဆင့်များတွင် လုပ်ဆောင်ခဲ့သည့် စွမ်းဆောင်ရည်များအပေါ် အခြေခံ၍ အဆင့် (၃)တွင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ၊ ပိုမိုကျယ်ပြန့်သော ပထဝီဒေသ လွှမ်းခြုံမှုများနှင့် စနစ်တစ်ခုလုံးကြား ပိုမိုနက်ရှိုင်းသောပေါင်းစပ်မှုများ ပါဝင်လာမည်ဖြစ်သည်။ PWSA ဒုံးကျည်ခြေရာခံဂြိုဟ်တုကွန်ရက် တိုးချဲ့ရေးအစီအစဉ်အတွက် Northrop Grumman ကုမ္ပဏီသည် ခြေရာခံအလွှာနှင့် သယ်ယူပို့ဆောင်ရေးအလွှာ နှစ်ခုစလုံးတွင် ဂြိုဟ်တုများနှင့် မြေပြင်အခြေစိုက် အာရုံခံ၊ ဆက်သွယ်ရေးစနစ်များကိုပါ ပံ့ပိုးပေးနေခြင်းဖြစ်သည်။

အဆင့် (၁)၊ အဆင့် (၂) နှင့် အဆင့်(၃) တို့ကို ခြုံငုံကြည့်လျှင် Northrop Grumman ကုမ္ပဏီသည် စုစုပေါင်း ဂြိုဟ်တုအစင်းရေ ၁၅၀ ကို ပေးအပ်သွားရန် မျှော်မှန်းထားပြီး အဆင့် (၁) မှ ပထမဆုံးသော သယ်ယူပို့ဆောင်ရေး ဂြိုဟ်တုအုပ်စုကို ၂၀၂၆ ခုနှစ် အစောပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။ ဤ PWSA ဒုံးကျည်ခြေရာခံဂြိုဟ်တုကွန်ရက် တိုးချဲ့ရေးသည် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးဗျူဟာတွင် အလွန်အရေးပါပြီး အထူးသဖြင့် ရုရှားနှင့် တရုတ်တို့၏ ဟိုက်ပါဆောနစ်ဒုံးကျည်များကို လက်ရှိရှိနေသော ရေဒါစနစ်များဖြင့် ခြေရာခံရန် ခက်ခဲသောကြောင့် အာကာသထဲမှနေ၍ အာရုံခံနိုင်စွမ်းရှိသော ဤဂြိုဟ်တုကွန်ရက်သည် အမေရိကန်အတွက် နောက်ထပ် ထောက်လှမ်းရေးအလွှာသစ်တစ်ခုအဖြစ် အားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Northrop Grumman to Expand US Missile-Tracking Satellite Network ကို ဘာသာပြန်ဆိုထားပါသည်။**

## စပိန်က Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်လေးစုံကို ဝယ်ယူရန် Raytheon ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

စပိန်နိုင်ငံသည် Patriot လေကြောင်းရန်ကာကွယ်ရေးစနစ် လေးစုံ ဝယ်ယူရန်အတွက် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဝယ်ယူမှုတွင် M903 ပစ်လွှတ်စင် ၂၄ ခု၊ AN/MPQ-65 ရေဒါစနစ် လေးခု၊ AN/MSQ-132 တိုက်ပွဲဝင်ထိန်းချုပ်ရေးစခန်း လေးခု၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်ဗဟိုဌာန နှစ်ခုနှင့် ဓာတ်အားပေးစက်ရုံ လေးခုတို့ ပါဝင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤနိုင်ငံခြားစစ်ဘက်ဆိုင်ရာရောင်းချမှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုခဲ့ခြင်းဖြစ်ပြီး စပိန်အစိုးရဘက်က ၂၀၂၄ ခုနှစ် နှစ်လယ်တွင် ဝယ်ယူရန် နောက်ဆုံးအတည်ပြုချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ခေတ်မီအောင် ဆောင်ရွက်ခြင်းသည် စပိန်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာအတွက် အလွန်အရေးကြီးကြောင်း၊ Raytheon ကုမ္ပဏီအနေဖြင့် စပိန်အစိုးရ၊ ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပူးပေါင်းကာ ပြောင်းလဲလာသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန် အဆင်သင့်ဖြစ်အောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း Raytheon ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ပီတီဘာတာက ပြောကြားခဲ့သည်။

မူလခွင့်ပြုထားသော အရောင်းစာချုပ်တွင် PAC-3 MSE အမျိုးအစား ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၅၁ စင်း ပါဝင်သော်လည်း ယခုချုပ်ဆိုသည့် စာချုပ်တွင်မူ ၎င်းတို့ကို ထည့်သွင်းထားခြင်း မရှိပေ။

စပိန်နိုင်ငံသည် Patriot GEM-T အမျိုးအစား ဒုံးကျည်များကို အမေရိကန်ဒေါ်လာ ၄၇၁ သန်းဖြင့် ဝယ်ယူရန် Raytheon၊ MBDA ကုမ္ပဏီတို့နှင့် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် သီးခြားစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်မှာ ဂျာမနီ၊ နယ်သာလန်နှင့် ရိုမေးနီးယားနိုင်ငံတို့ပါဝင်သော NATO ၏ ပိုမိုကျယ်ပြန့်သော ဝယ်ယူရေးသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ထို့ပြင် စပိန်နိုင်ငံသည် အရေအတွက် အတိအကျ မဖော်ပြထားသော PAC-3



MSE ဒုံးကျည်များကိုလည်း Lockheed Martin ကုမ္ပဏီထံမှ ဝယ်ယူရန် အပြီးသတ် ဆောင်ရွက်ထားကြောင်း၊ Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ၂၀၃၁ ခုနှစ် ဖွန်လတွင် လက်ခံရရှိသွားရန် မျှော်မှန်းထားကြောင်း သိရသည်။

စပိန်နိုင်ငံသည် လက်ရှိတွင် ဂျာမနီနိုင်ငံထံမှ ဝယ်ယူထားသော တစ်ပတ်ရစ် Patriot လေကြောင်းရန်ကာကွယ်ရေး စနစ် သုံးစုံကို အသုံးပြုလျက်ရှိရာ ပထမဆုံး စနစ်တစ်စုံကို ၂၀၀၄ ခုနှစ်တွင် လည်းကောင်း၊ ကျန်နှစ်စုံကို ၂၀၁၄ ခုနှစ်တွင် လည်းကောင်း လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Patriot စနစ် တစ်စုံစီတွင် ဒုံးကျည် အစင်း ၂၀ ထိ ပစ်ခတ်နိုင်သော ဒုံးပစ်လွှတ်စင်ခြောက်ခုထိ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

**Spain Procures Four Patriot Air Defense Batteries for $1.7 Billion ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မတ်ပဲ ကေ ၄၆၈၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ မုံရွာမြို့နယ်တွင် ၈၆၆ ကေ၊ ဘုတလင်မြို့နယ်တွင် ၅၃ ကေ၊ အရာတော်မြို့နယ်တွင် ၂၉၉၇ ကေ၊ ချောင်းဦးမြို့နယ်တွင် ၈၃၈ ကေ စုစုပေါင်း ၄၇၅၄ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မတ်ပဲ ကေ ၄၆၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၄၇၅၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၈၅၀၊ ဘုတလင်မြို့နယ်တွင် ကေ ၅၀၊ အရာတော်မြို့နယ်တွင် ကေ ၂၉၅၀၊ ချောင်းဦးမြို့နယ်တွင် ကေ ၈၃၀ စုစုပေါင်း ကေ ၄၆၈၀ တို့ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ဈေးကွက်သို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ငါးသလဲထိုးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယဉ်ဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါးသလဲထိုး ပိဿာချိန် ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးသလဲထိုး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ဒေးဒရဲမြို့နယ်ကနေ ငါးသလဲထိုး ပိဿာချိန်အများအပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကိုပဲ ရေထွက်ကုန်တွေကို အဓိကတင်ပို့ရောင်းချနေတာပါ။ ရန်ကုန်ဈေးကွက်က ဒေသထွက်ရေထွက်ကုန်တွေထဲက ငါးသလဲထိုးကို လက်ရှိလဲ မှာယူနေသလို နောက်ထပ်လဲမှာယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်" ဟု ဒေးဒရဲမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယဉ်ဌေးက ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများ တင်ပို့အား ကောင်းလာသည့်အတွက် ငါးမွေးမြူရေး လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လှိုင်းဘွဲ့မြို့နယ် မဲသိမ်-မဲဆမိတ်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၃၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲသိမ်-မဲဆမိတ်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် မြို့နယ်တာဝန်ရှိသူများက ကုမ္ပဏီ၊ တာဝန်ရှိသူများ၊ ကျေးရွာကွန်ကရစ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးစား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မဲသိမ် - မဲဆမိတ်ကျေးရွာချင်းဆက် လမ်းအရှည် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အလျား ပေ ၆၀၊ အကျယ် ၁၄ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၄၁ ဒသမ ၉၉ သန်းဖြင့် တင်ဒါအောင်မြင်သော Noble Chan San ကုမ္ပဏီနှင့် ဖွဲ့ကပင်မေမေကုမ္ပဏီတို့က ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသူ၊ ကျေးရွာသားများ၏ သွားလာရေးအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး



**အိမ်မဲ ဒီဇင်ဘာ ၃၀**


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ အိမ်မဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့်ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် လစဉ်ဆောင်ရွက်ရမည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ခုနစ် ဒသမ ခုနစ် သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ခြောက် ဒသမ သုံးသန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၃၅ သန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၃ ဒသမ ရှစ်သန်း စုစုပေါင်း စီမံကိန်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို ငွေကျပ် ၄၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အထွေး**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)နှင့် ယစ်မျိုးဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)နှင့် ယစ်မျိုးဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်းသည့် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ငွေကြေးခဝါချမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)၏ အကြံပြုချက်များနှင့်အညီ ဥပဒေကိုရေးဆွဲရခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ(THE MYANMAR EXCISE ACT)ကို ၁၉၁၇ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်၍ ပြောင်းလဲလာသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် အသစ်ရေးဆွဲရခြင်းဖြစ်ကြောင်း ဖြင့် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က ၂၀၂၅ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်လက်ခံထားသော သက်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် AML-LTF ဆိုင်ရာ FATF ၏ အကြံပြုချက်များနှင့် ညီညွတ်မှုရှိစေရန်၊ နိုင်ငံတော်က တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုစေရန် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်းသုံးသပ်၍ ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ဆွေးနွေးကြသည်။

ထို့ပြင် တည်ဆဲမြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ(THE MYANMAR EXCISE ACT)သည် ၁၉၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်ပြီး ယင်းဥပဒေတွင် ယစ်မျိုးအပြင် မူးယစ်ဆေးဝါး၊ ယစ်မျိုးခွန်ကောက်ခံခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များပါဝင်နေပြီး ယစ်မျိုးခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)အရ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် ဥပဒေများပြဋ္ဌာန်းထားခြင်းတို့ကြောင့် လက်ရှိကာလနှင့် ဆီလျော်မှုမရှိတော့၍ ယစ်မျိုးစီမံခန့်ခွဲခြင်းကိစ္စရပ်များကို ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန်၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ယစ်မျိုးအခွန်များရရှိစေရေးကြီးကြပ်နိုင်စေရန်၊ အရက်ကို တရားမဝင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများကို ပိုမိုကြီးကြပ်နိုင်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် အလို့ငှာ ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ဥပဒေပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၀

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ အုပ်ချုပ်ရေးမှူးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏နောက်ဆုံးကောက်ယူထားသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကြည့်မည်ဆိုပါက အသက် ၁၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူများ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံလူဦးရေ၏ ၇ ဒသမ ၉ ရာခိုင်နှုန်းသည် စာတတ်မြောက်မှုမရှိသည်ကို ထုတ်ပြန်ထားချက်များအရ တွေ့ရှိရကြောင်း၊နောက်ဆုံးကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကျောင်းလုံးဝမတက်ဖူးသူ ရာခိုင်နှုန်းမှာ ၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ထုတ်ပြန်ထားသည့်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက် ၁၅ နှစ်နှင့် အထက် အသက်အရွယ်ရှိသူများကို စာတတ်မြောက်ရေးသင်ကြားပေးရန် လိုအပ်လျက်ရှိသည်ကို သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ တွေ့ရှိရကြောင်း။

ပညာရေးကဏ္ဍဆိုင်ရာ စီမံကိန်းများ ချမှတ်လုပ်ဆောင်ရာတွင် ဘဏ္ဍာငွေကျခံသုံးစွဲမှုကိုပါ ထည့်သွင်းဆောင်ရွက်ရသဖြင့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ ဆက်စပ်ဝန်ကြီးဌာနများ၏ ပံ့ပိုးဆောင်ရွက်ပေးမှု၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်စီမံကြီးကြပ်၊ ဘဏ္ဍာငွေပံ့ပိုးမှုများကလည်း အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆိုင်ရာများကိုရှင်းလင်းတင်ပြ၍ တက်ရောက်လာသူများက ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာသင်ယူနေမှုဓာတုဗေဒလက်တွေ့စမ်းသပ်ခန်း၊ ရူပဗေဒလက်တွေ့ခန်း၊ ကျောင်းမုန့်ဈေးတန်းများ၊ သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)

အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်

၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)

အမှတ်(၁၅၉) ၈၆ လမ်း ၂၁-၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်

မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**

စီမံရေးရာဌာနခွဲ

နေပြည်တော်ရုံးချုပ်

ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဆောင်ရွက်ခဲ့သည့် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းစီမံကိန်း(၂၀၂၄) ပြီးမြောက်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်း၍ နွားများ၏ သားအောင်နှုန်းကို လေ့လာဆန်းစစ်ခြင်း၊ အရည်အသွေး အကဲဖြတ်စစ်ဆေးခြင်းနှင့် သားအောင်ရန်လိုအပ်သည်များကို စီမံဆောင်ရွက်ခြင်းဖြင့် နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်း စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုစီမံကိန်းတွင် ဆောင်ရွက်ခဲ့သည့် နွားအမများ၏ မျိုးပွား အင်္ဂါလမ်းကြောင်းများကို ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသုံးသပ်ခြင်း၊ Ultrasound စက်ကြီးများ၊ Hormone စမ်းသပ်ကိရိယာများ၊ မြိုင်လာမှုအခြေအနေကိုစစ်ဆေးသော ကိရိယာများနှင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးစစ်ဆေးစနစ်များကို အသုံးပြုခြင်းအားဖြင့် နွားများ၏မျိုးပွားမှုအခြေအနေကို တိကျမှန်ကန်စွာသိရှိနိုင်ပြီး မျိုးပွားချိန်ကို မှန်ကန်စွာရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ စက်ကိရိယာများဖြင့် စနစ်တကျစစ်ဆေးခြင်းကြောင့် မျိုးမအောင်မှုပြဿနာများလျော့နည်းစေကာ မျိုးကောင်းမျိုးသန့်၊ မျိုးမြင့်တိရစ္ဆာန်များ တိုးတက်ပွားများလာစေပြီး နိုင်ငံတော်၏သားငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရာ ရောက်မည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းကာလ ပြီးဆုံးသွားပြီဖြစ်သော်လည်း စီမံကိန်းကရရှိခဲ့သည့် သုတေသနရလဒ်များကို လက်တွေ့နယ်ပယ်တွင် ဆက်လက်အသုံးချပြီး တစ်နိုင်ငံလုံးက နွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ နွားမျိုးကောင်းမျိုးသန့်များ ပွားများလာစေရန် အားလုံးက ဝိုင်းဝန်း ပူးပေါင်းကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်ပါမောက္ခ ဒေါက်တာစိုးဝင်းနိုင်နှင့် တာဝန်ရှိသူများက စီမံကိန်းရေးဆွဲခဲ့သည့် ရည်ရွယ်ချက်နှင့် စီမံကိန်း Work Plan ပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် သုတေသန လေ့လာမှုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များ၊စီမံကိန်းတွင်ဆောင်ရွက်ပြီးစီးခဲ့သည့် နွားများ၏ ကျန်းမာရေးစောင့်ရှောက်ရာတွင် ကုသခြင်းဆိုင်ရာတွေ့ရှိချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စီမံကိန်းပြီးမြောက်အောင် ဆောင်ရွက်ရာတွင် ပါဝင်ခဲ့ကြသည့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၁၇ ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းရပ်များကို တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် ဝိုင်းဝန်း ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပေ ၁၈၀ တံတားသစ်ဖွင့်ပွဲ၊ ကုန်ထုတ်လမ်းဖွင့်ပွဲ၊ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် တည်ဆောက်ခဲ့သော နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်ပင်သာ-ရှားတော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Submersible Bridge ပေ ၁၈၀ ရေနိမ့်တံတားဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတား၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအတွင်း ကျေးလက်လမ်းတံတားများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာသူ၊ကျေးရွာသားများကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားသစ်ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ တပ်ကုန်းမြို့ "လှ"ချည်မျှင်ထုတ်လုပ်ရေးသမဝါယမအသင်း၏ "လှ"ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၌ ၇၈ နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့သည့် အုန်းပင်စုကျေးရွာကုန်ထုတ်လမ်းဖွင့်ပွဲသို့တက်ရောက်ပြီး ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကုန်ထုတ်လမ်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဦးဆောင်ကော်မတီအတွင်းရေးမှူးက ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ သုံးလအတွက် ကုမ္ပဏီအလိုက် ထောက်ခံပေးထားသည့် မြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ မှတ်တမ်းတင်ပေးနိုင်ရန်နှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက မြေဩဇာနှင့် ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးရောင်းချမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင် ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ဦးစီးဌာနများမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်



ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ်အတွင်း၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အစိုးရအဖွဲ့ရုံး ခါကာဘိုရာဇီခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပခဲ့သည့် မြို့နယ် ခြောက်မြို့နယ်မှ အားနည်းချက်၊ အားသာချက်များကို အသီးသီးဆွေးနွေးတင်ပြကြပြီး လာမည့်ရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပမည့် ဝိုင်းမော်၊ မိုးကောင်း၊ မချမ်းဘော မြို့နယ်တို့တွင် ကြိုတင်ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)၏ အားနည်းချက်၊ အားသာချက်များကိုပြန်လည်သုံးသပ်ခြင်းနှင့် ရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပရန် ကျန်ရှိနေသေးသော မြို့နယ်များ၌ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ရွေးကောက်ပွဲ အပိုင်း (၂)နှင့် အပိုင်း (၃)တွင်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေး ကျင်းပစဉ်။

ပါဝင်သည့်မြို့နယ်များ၏ တာဝန်ရှိသူများနှင့် မိုင်းတုံမြို့နယ်တာဝန်ရှိသူများက Video Conferencing ဖြင့်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက ရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲပေးရန်စောင့်ဆိုင်းစဉ် နားနေရန် ယာယီတဲနှင့် ထိုင်ခုံများ၊ သောက်ရေများ စီစဉ်ထားရှိရေး၊ တောင်ပေါ်ကျေးရွာများအတွက် အကြို၊ အပို့မော်တော်ယာဉ်များ အဆင်သင့်စီစဉ်ထားရှိရေး၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို အသေးစိတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## ဘဏ်ပိတ်ရက်နှင့် ဖွင့်ရက် ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက် (စနေနေ့)သည် **"အများပြည်သူအလုပ်ပိတ်ရက်"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံးပိတ်ထားလိမ့်မည်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (စနေနေ့)သည် **"အလုပ်ဖွင့်ရက်"** ဖြစ်ပါသဖြင့် ဘဏ်များအားလုံး ဖွင့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေမျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၃၁-၁၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကိုဖမ်းဆီးငွေညှစ်စားပြတိုက်နေတဲ့ PDF ဓားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။




## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၅၄/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၅၅/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

**ကယားပြည်နယ်ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ဦးစိန်ဦးအား ကယားပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလရော်အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အသိပေးနှိုးဆော်ချက်

၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက် နံနက် ၄ နာရီတွင် အလံတင်အခမ်းအနား၊ နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုခြင်းအခမ်းအနားနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်ထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



☆ **ကျောဖုံးမှအဆက်**

၃၁ မှတ်၊ ၁၇ မှတ်ဖြင့် လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂၈ မှတ်၊ ၂၂ မှတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ်၊ သုံးမှတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၁၀ မှတ်၊ လေးမှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၃၁ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲကို နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လွန်ဆွဲ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ထုပ်ဆီးတိုးပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

လွန်ဆွဲ အမျိုးသားပွဲစဉ်များအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ အမျိုးသမီးပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားကြမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ဂီတဖျော်ဖြေပွဲမှ**

ဂီတဖျော်ဖြေပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များဖြင့် တဖွဲဖွဲလာရောက်ကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက် ပါဝင်ဆင်နွှဲကြသူများကို စိတ်လုံခြုံစွာ အမှတ်တရများဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် ဖျော်ဖြေပွဲဝင်ခွင့်လက်ပတ်များ စနစ်တကျရောင်းချ၍ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပေးသည့်အပြင် ဖျော်ဖြေပွဲဝန်းကျင်နေရာများ၌လည်း လိုအပ်သည့် လုံခြုံရေးစောင့်ကြည့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

တေးဂီတဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ်(၁)နှင့်(၄) အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်ထိ လျှောက်လမ်းများနှင့် ပွဲတော်အတွင်းရှိနေရာများ၌ လာရောက်အပန်းဖြေလည်ပတ်ကြသူများ



စိတ်အပန်းပြေ ပျော်ရွှင်စေရန်အတွက် နီယွန်ရောင်စုံအလှမီးများဖြင့် လှပဝေဆာစွာ ဆင်ယင်ထွန်းညှိအလှဆင်ထားပြီး Photo Booth များတွင် အမှတ်တရ ဓာတ်ပုံရိုက်ကြသူများ၊ အပျော်တမ်းဂိမ်းကစားကြသူများ၊ ချားရဟတ်စီးကြသူများနှင့် ပျော်အိကလေးကစားကွင်းတွင်လည်း ပျော်ရွှင်စွာဆော့ကစားကြသည့် ကလေးငယ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့ည တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ ရဲလေး၊ ထွန်းထွန်း၊ ဖြိုးပြည့်စုံ၊ အိမ့်ချစ်၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ဂျူဝယ်၊ ကေကေမိုး၊ မိစန္ဒီတို့က Dancer အဖွဲ့များ၊ DJ ပညာရှင်များ၊ Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါတရလိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်ကုန်များ၊ လူသုံးကုန်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထားရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်တွင်လည်း Coundtdown ရေတွက်မည့် အစီအစဉ်အပါအဝင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ဖြိုးကြီး၊ နောနော်၊ ရဲရင့်အောင်၊ J FIRE၊ ဂျူနီယာချစ်ကောင်း၊ ICE COLD၊ ခိုင်မြဲသစ္စာနှင့် အခြားတေးသံရှင်များက Dancer များ၊ DJ ပညာရှင်များနှင့် တွဲဖက်၍ ညနေ ၅ နာရီမှ စတင်၍ နံနက် ၁ နာရီထိ သီဆိုကပြဖျော်ဖြေ တင်ဆက်သွားကြမည်ဖြစ်ကြောင်း၊ ဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းသတ်မှတ်ထားပြီး ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ်၍ မော်တော်ယာဉ်များဖြင့် အခမဲ့အသွား၊ အပြန် ပို့ဆောင်ပေးလျက်ရှိသဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင် ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။

**ဟိန်းမင်းစိုး**

🏳 **ရှေ့ဖုံးမှအဆက်**

မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့် ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများကို ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့်ကုန်ကျစရိတ်ကျသင့်ငွေကို သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းက ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❑ **ပြန်လည်ထွက်ခွာမှ**

တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း သံအမတ်ကြီး H.E. Mr. Iskander Azizov၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**ဖွဲထက်ကို(ပြန်/ဆက်)**



# မြိတ်မြို့နှင့် သုံးခွမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဖွဲထော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကော့လိပ်ကုက္ကို ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၅၀ အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါပရိယတ္တိစာသင်တိုက်ဆရာတော်အား ဆွမ်းဆန်တော်၊ဆီနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဖွဲထော်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံပြည်သူ ၁၁၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းထားပြီး ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းများ၊ နှီးနွှယ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးစွဲလူနာများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ကြီးကြပ်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် Non-Traditional Security Threats အဖြစ် ဆက်နွှယ်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို များစွာထိခိုက်စေနိုင်ပြီး လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ အဖွဲ့ဝင်ဌာနများအနေဖြင့် မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေး၊ မူးယစ်ဆေး ပြန်လည်မသုံးစွဲရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးပေးရန် မှာကြားသည်။



ဆက်လက်၍ ပြန်လည်ထူထောင်ရေးအဖွဲ့အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ








## သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်း မှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

## သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

## သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

## ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

## ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၂၅ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး




နေပြည်တော် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအသုံးပြုသည့် အသုံးအဆောင်များကို မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံများကို လေအိုးမီးအိုးဖြင့် မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၂၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် ညအပူချိန်များ (၃၀ - ၁၂ - ၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လွိုင်လင် | ၂ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ဟားခါး | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မင်းကင်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အမေရိကန်နိုင်ငံ နယ်မြေသုံးခု၌ အီဇရာနှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၆၀၀၀ ကျော်ကို ယာယီဆိုင်းငံ့ကြောင်း ထုတ်ပြန်



**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် ဂရိတ်လိတ်နယ်မြေတို့တွင် ဒီဇင်ဘာ ၂၉ ရက်က အီဇရာဟု အမည်ပေးထားသည့် နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့မှုကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၆၀၀၀ ကျော်ကို ယာယီဆိုင်းငံ့ထားသည်ဟု AccuWeather က ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နှင်းမုန်တိုင်းသည် အားကောင်းသည့်အတွက်ကြောင့် Bomb Cyclone အဖြစ် သတ်မှတ်ထားပြီး လေကြောင်းခရီးစဉ်ပေါင်း ၆၀၀၀ ကျော်ကို ယာယီဆိုင်းငံ့ထားကြောင်း၊ နှင်းမုန်တိုင်းသည် တစ်နှစ်တာကာလအတွင်း ပြည်သူများခရီးသွားလာမှုနှုန်း အမြင့်ဆုံးကာလတွင် တိုက်ခတ်ခဲ့ခြင်းလည်း ဖြစ်ကြောင်း၊ ဝစ်ကွင်ဆင်းပြည်နယ်မှ မိန်းပြည်နယ်သို့ သွားရာလမ်းတစ်လျှောက် ဆီးနှင်းများထုထပ်စွာ ကျဆင်းနေသည့်အတွက် မော်တော်ယာဉ်များ သွားလာရန် ခက်ခဲသည့်အခြေအနေလည်းဖြစ်ပေါ်နေကြောင်း သိရသည်။

"အီဇရာနှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးတော့ ဆီးနှင်းတွေထူထပ်စွာကျဆင်းနေတာကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားပါတယ်။ ဆီးနှင်းထုထူတဲ့အတွက် မော်တော်ယာဉ်တွေအသုံးပြုဖို့ အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် ဝစ်ကွင်ဆင်းပြည်နယ်ကနေ မိန်းပြည်နယ်ကိုသွားတဲ့လမ်းက အန္တရာယ်အများဆုံးပါပဲ။ လေကြောင်းခရီးစဉ် ၆၀၀၀ ကျော်ကိုလည်း ယာယီဆိုင်းငံ့ထားပါတယ်" ဟု Federal Emergency Management Agency မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# စပိန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးကာ နှစ်ဦးပျောက်ဆုံးနေ

**မက်ဒရစ် ဒီဇင်ဘာ ၃၀**

စပိန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဒီဇင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း စပိန် Civil Guard က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ဗလန်စီယာမြို့နှင့် မာလာဂါမြို့တို့တွင် ဆိုးရွားစွာဖြစ်ပေါ်နေပြီး ရေလွှမ်းနေသည့်လမ်းများကို အသုံးမပြုရန်တားမြစ်ထားကြောင်း၊ ရေကြီးရေလျှံမှုနှင့်အတူ ရေစီးသန်သည့်အတွက်ကြောင့် မော်တော်ကားများနှင့် မော်တော်ဆိုင်ကယ်တချို့ ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ပျောက်ဆုံးနေသူနှစ်ဦးကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ဒီဇင်ဘာ ၂၈ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပါတယ်။ လေတိုက်နှုန်းလဲ မြင့်မားခဲ့တယ်။ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီးတော့ ဗလန်စီယာမြို့နဲ့ မာလာဂါမြို့တို့မှာ အန္တရာယ်ရှိတဲ့ ရေကြီးရေလျှံမှုနဲ့ရင်ဆိုင်နေရပါတယ်။ လူတစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးပျောက်ဆုံးနေပါတယ်"ဟု စပိန် Civil Guard မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂါဇာကမ်းမြောင်ဒေသတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ယာယီနေရပ်စွန့်ခွာသူများအတွက် ယာယီအိမ်ရာ ၂၀၀၀၀၀ ခန့် အရေးပေါ်လိုအပ်လျက်ရှိ

**ဂါဇာ ဒီဇင်ဘာ ၃၀**

ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခတ်ခဲ့သည့် ပြင်းထန်သော မုန်တိုင်းကြောင့် ယာယီနေရပ်စွန့်ခွာနေရသူများအတွက် ယာယီအိမ်ရာ ၂၀၀၀၀၀ ခန့် အရေးပေါ်လိုအပ်လျက်ရှိနေကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါဒေသတွင် ယာယီနေရပ်စွန့်ခွာသူများသည် ယာယီရွက်ဖျင်တဲများဖြင့် နေထိုင်လျက်ရှိကြောင်း၊ ယခုအခါ မုန်တိုင်းကြောင့် အဆိုပါတဲများတွင် မိုးရေများယိုစိမ့်ခြင်း၊ အမိုးများလန်ခြင်းများ ဖြစ်ပေါ်နေသည့်အပြင် ထိုနေရာတွင် ရေဝပ်နေခြင်းကြောင့် ရေစုပ်ထုတ်ခြင်းနှင့် ရေမြောင်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုပါဒေသတွင် အသက်ခုနစ်နှစ်အရွယ် ကလေးတစ်ဦးသည်လည်း ရေတွင်းထဲသို့ပြုတ်ကျကာ သေဆုံးခဲ့ပြီး အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးသည်လည်း လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆောက်အအုံနံရံ ပြိုကျမှုကြောင့် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရပ်ဘက်ကာကွယ်ရေးဌာနက ထုတ်ပြန်ခဲ့သည်။



ဂါဇာအလယ်ပိုင်းရှိ ဒီယာအယ်လ်ဘာလာမြို့တော်ဝန် နီဇာအိုင်ယာရှ်က ယာယီနေရပ်စွန့်ခွာသူများ၏ ယာယီရွက်ဖျင်တဲများသည် ရွံ့ညွှန်များထဲတွင် နစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများကြောင့် ရွက်ဖျင်တဲများထက် ပိုမိုခိုင်ခံ့သော ယာယီအိမ်ရာ ၂၀၀၀၀၀ ခန့် အရေးပေါ် လိုအပ်လျက်ရှိသည့်အပြင် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များဖြစ်သော အစားအစာ၊ ဆေးဝါးနှင့် အဝတ်အထည်များလည်း လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# လတ်ဗီးယားနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲကာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့

**ရီဂါ ဒီဇင်ဘာ ၃၀**

လတ်ဗီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၈ ရက်က ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲကာ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အာဏာပိုင်များက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

မုန်တိုင်း စတင်တိုက်ခတ်ခဲ့သည့် ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် ပြည်နယ်မီးသတ်နှင့် ကယ်ဆယ်ရေးဌာနသည် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုနှင့်ဆက်စပ်သော အကူအညီတောင်းခံမှု ၃၃၅ ကြိမ်ကို လက်ခံရရှိခဲ့ကြောင်း ကယ်ဆယ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားက ပြောကြားခဲ့သည်။

လက်ရှိတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လတ်ဗီးယားနိုင်ငံ၏ ကမ်းရိုးတန်းဒေသများနှင့် အလယ်ပိုင်းဒေသများ၌ သစ်ပင်များပြိုလဲခြင်း၊ အခြေခံအဆောက်အအုံများပျက်စီးခြင်းနှင့် လျှပ်စစ်ဓာတ်အားပေး ဓာတ်တိုင်များစွာပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လတ်ဗီးယားနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ရက်အော်ပရေတာ၏အဆိုအရ အိမ်ခြေ ၈၂၀၀ ခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း၊ လတ်ဗီးယား ပတ်ဝန်းကျင်၊ ဘူမိဗေဒနှင့် မိုးလေဝသဌာနသည် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများအတွက် လိမ္မော်ရောင်သတိပေးချက်ကို ယနေ့ထိ မရုပ်သိမ်းသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ



# ဗြိတိန်နိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း မြေငလျင် ၃၀၉ ကြိမ်ထိ လှုပ်ခတ်ခဲ့

**လန်ဒန် ဒီဇင်ဘာ ၃၀**

ဗြိတိန်နိုင်ငံသည် မြေငလျင်လှုပ်ခတ်မှု အဖြစ်နည်းသည့်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယခုနှစ်တွင် ပုံမှန်မဟုတ်သည့်အခြေအနေဖြင့်ရင်ဆိုင်ခဲ့ရပြီး မြေငလျင် ၃၀၉ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း British Geological Survey က ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

မှတ်တမ်းများအရ မြေငလျင်ပြင်းအားမများခဲ့ဘဲ အသေးစားမြေငလျင် လှုပ်ခတ်မှုမျိုးသာဖြစ်ကြောင်း၊ မြေငလျင်ပြင်းအားနည်းခဲ့သော်လည်း မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ် ရှားပါးသည့်နိုင်ငံတွင် မြေငလျင် ၃၀၉ ကြိမ် လှုပ်ခတ်ခဲ့ခြင်းသည် မြေအောက်တွင် ကြီးမားသောပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်ကြောင်း British Geological Survey က ထုတ်ပြန်ခဲ့သည်။

"၂၀၂၅ ခုနှစ်အတွင်း တစ်နှစ်ပတ်လုံးအတိုင်းတာနဲ့ ဗြိတိန်နိုင်ငံမှာ မြေငလျင် ၃၀၉ ကြိမ်ထိ လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ဟာ ဗြိတိန်နိုင်ငံအတွက်တော့ ကြုံခဲခဲ့ကြုံခဲ့ဖြစ်စဉ်မျိုးဖြစ်ပါတယ်။ ဒါပေမဲ့လဲ စံချိန်တင်အကြိမ်ရေ လှုပ်ခတ်ခဲ့တဲ့အတွက်ကြောင့် မြေအောက်မှာ ထူးခြားတဲ့ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်ဆိုတာ သေချာနေပြီ။ ကျွန်တော်တို့ သုတေသီအဖွဲ့အနေနဲ့ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်"ဟု British Geological Survey မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း လှုပ်ခတ်ခဲ့သော မြေငလျင်များအနက် ပြင်းအားအများဆုံး မြေငလျင်မှာ ပြင်းအား ၃ ဒသမ ၇ မဂ္ဂနီကျူရှိခဲ့ပြီး တစ်နှစ်တာအတွင်း ပြင်းအားအများဆုံးမြေငလျင်ဖြစ်ကြောင်း၊ မြေငလျင်အကြိမ်ရေ အများဆုံး လှုပ်ခတ်ခဲ့သော ဇရိယာမှာ အင်္ဂလန်နိုင်ငံနှင့် စကော့တလန်နယ်ခြားဇရိယာတွင် ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat



ဝတ္ထုတိုကဏ္ဍ

# အနားမညီသော

## မောင်ကြည်လင်(ရွှေကြိုးကြာ)

(၁)

"ဆွမ်းတော်ဖျို့"

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် မြနှင်းသည် ဆွမ်းတော်အတွက် ကိုယ်တိုင်လောင်းလှူရန် ဆွမ်းနှင့်ဆွမ်းဟင်းထည့်ထားသည့် လင်ဗန်းလေးကို ကိုင်ကာ အိမ်ရှေ့သို့ ထွက်လာလိုက်သည်။

ကျောင်းသားလေးထံ ဆွမ်းဟင်းလောင်းလှူပြီး၍ သံဃာတော်များကို ဆွမ်းလောင်းလှူနေစဉ် နောက်ဆုံးက သံဃာတော်မြတ်ကိုကြည့်၍ မြနှင်းသည် လက်ထဲကဆွမ်းကို လောင်းလှူရန် မေ့နေမိသည်။ အံ့သြမှု၊ မယုံကြည်နိုင်မှု၊ ဝမ်းမြောက်မှု၊ ကြည်နူးမှု စသည့်ရသမျိုးစုံတို့က တစ်ပြိုင်နက်တည်း မြနှင်း၏ရင်ဝယ် တိုးဝှေ့ထွက်ပေါ်လာသည်။

တစ်ချိန်က လမ်းဘေးဝဲယာနှင့် ရထားဘူတာရုံတွင် ရေသန့်ဘူးခွံများ လိုက်ကောက်သူ၊ သူနှင့်ဘဝတူကလေးများဖြစ်သော မိမိတို့အပေါ်တွင် အနိုင်ကျင့်တတ်သော ကျော်ထွန်းသည် မြင့်မြတ်လှစွာသော သာသနာ့ဘောင်အတွင်းတွင် ယခုကဲ့သို့ တည်မြဲနေသည်ကိုတွေ့လိုက်ရသောအခါ မြနှင်းသည် အံ့သြစွာဖြင့် ငေးကြည့်နေမိသည်။

(၂)

မြနှင်း၊ ကျော်ထွန်း၊ အောင်ချစ်တို့သည် သူငယ်ချင်းများဖြစ်ကြ၏။ အရွယ်အားဖြင့် ဆယ်နှစ်ဝန်းကျင်ခန့်ဖြစ်သည်။ မြနှင်းတို့သုံးယောက်စလုံးသည် ညောင်လေးပင်မြို့အစွန်ရှိ သုသာန်ဝင်းထဲတွင် နေကြသူများဖြစ်သည်။ မြနှင်းတို့သူငယ်ချင်းသုံးဦးတွင် မြနှင်းသည် ကံကောင်းထောက်မစွာ ကျောင်းနေခွင့်ရခဲ့သည်။ မြနှင်းသည် အဖေ၊ အမေ၊ မောင်လေးတို့နှင့် အတူနေထိုင်သည်။ အောင်ချစ်သည် အဖေမရှိ။ မိခင်နှင့်အတူနေသည်။ ကျော်ထွန်းသည် အဖေ၊ အမေမရှိ။ ဦးလေးနှင့်အတူနေရ၏။ မြနှင်းသည် ကျောင်းပိတ်ရက်များတွင် သူငယ်ချင်းများနှင့်အတူ ညောင်လေးပင်မြို့အနှံ့ ရေသန့်ဘူးခွံများလိုက်ကောက်ရသည်။ မြနှင်းတို့မိဘများသည် သုသာန်၌ နာရေးကိစ္စများရှိလျှင် ကူညီလုပ်ကိုင်ကြရသည်။ နာရေးရှင်များက မုန့်များ၊ အချိုရည်များ၊ မုန့်ဖိုးပိုက်ဆံများကို ပေးသွားတတ်ကြသည်။ ထိုအခါတွင် မြနှင်းတို့ သူငယ်ချင်းများသည် ကလေးသဘာဝ ပျော်ရွှင်ခဲ့ကြသည်။

(၃)

နေပင်အတော်မြင့်နေပြီဖြစ်သည်။ ကျော်ထွန်းသည် အိပ်ရာမှဆတ်ခနဲထလိုက်သည်။ ထို့နောက် မျက်နှာသစ်ကာ အောင်ချစ်တို့ တဲအိမ်လေးဆီ ကူးလာလိုက်၏။

"အောင်ချစ် ဟေ့ အောင်ချစ်"

"ဘာလဲ ကျော်ထွန်း"

"ငါ မြို့တောင်ဘက်သွားမလို့ မင်းလိုက်မှာလား"

"ပျင်းတယ်ကွာ မလိုက်ချင်ဘူး"

"ငါ့တို့ဘဝတွေက ပျင်းနေဖို့ အချိန်မရှိဘူး အောင်ချစ်"

"စကားကြီးစကားကျယ်နဲ့ကျော်ထွန်းရာ မင်းလဲ မြနှင်းလေသံအတိုင်းပဲ"

အောင်ချစ်၏စကားကြောင့် ကျော်ထွန်း တဟားဟားရယ်လိုက်သည်။

"ကဲ လိုက်မှာလား"

"အေး ခဏစောင့်၊ အမေ့ကို သွားပြောအုံးမယ်"

အောင်ချစ် ထွက်သွားသည်ကို ငေးကြည့်ရင်း ကျော်ထွန်းကျန်ခဲ့သည်။

"သွားမယ်ကွ ကျော်ထွန်း"

"မြနှင်း မလိုက်ဘူးလား"

"မြနှင်းက စာမေးပွဲဖြေရမှာမို့ စာကျက်မယ်ပြောတယ်"

"စာမေးပွဲဖြေတယ်ဆိုတာဘာလဲကွ အောင်ချစ်"

"ငါလဲ မသိဘူး။ မြနှင်းနဲ့တွေ့မှ မင်းဘာသာ မင်း မေးကြည့်"

နှစ်ဦးသား စကားပြောရင်း မြို့တောင်ဘက်ရှိ ကားလမ်းဘေးတွင် ရေသန့်ဘူးခွံများကောက်ရန် ထွက်လာကြသည်။

(၄)

ညောင်လေးပင်ဘူတာရုံကြီးတွင် ခရီးသွားခရီးလာများဖြင့် စည်ကားလျက်ရှိ၏။ မကြာမီ ရထားဆိုက်ရောက်မည်ဖြစ်သောကြောင့် မြနှင်းနှင့် ကျော်ထွန်းသည် ဘူတာစင်္ကြံလမ်းတွင်ထိုင်နေကြ၏။

"မြနှင်း နင်ကျောင်းတက်ရတာပျော်လား"

"ပျော်တာပေါ့ ကျော်ထွန်း၊ ကျောင်းမှာ ကဗျာတွေ၊ သီချင်းတွေလဲ သင်ရတယ်။ ကာယလဲ လုပ်ရတယ်"

"ကာယဆိုတာ ဘာလဲ မြနှင်းရဲ့"

"ကာယဆိုတာ ကိုယ်ခန္ဓာကျန်းမာအောင် လေ့ကျင့်ခန်းတွေလုပ်ရတာ"

"နင်က ကြီးလာရင်ဘာလုပ်မှာလဲ"

"ငါက ကျောင်းဆရာမလုပ်မှာ"

"နင် ကျောင်းဆရာမဖြစ်ရင် ငါတို့ကို မမေ့နဲ့နော် မြနှင်း"

"မမေ့ပါဘူး ကျော်ထွန်းရယ်။ နင်နဲ့ အောင်ချစ်ကိုလဲ ငါနဲ့အတူ ကျောင်းတတ်စေချင်လိုက်တာ ကျော်ထွန်းရယ်"

မြနှင်း၏စကားကြောင့် ကျော်ထွန်း မျက်နှာညှိုးသွားသည်။

"မဖြစ်နိုင်ပါဘူး မြနှင်းရာ၊ ငါတို့ကျောင်းနေရဖို့ မဖြစ်နိုင်ပါဘူး။ ငါတို့ကျောင်းမနေရပေမဲ့ ညနေတိုင်း နင်စာသင်ပေးနေတာကိုပဲ ပျော်နေပါပြီ။ အခုဆို ငါတို့နာမည်လေးတွေ စာလုံးပေါင်းတတ်နေပြီ မြနှင်း"

ကျော်ထွန်း၏စကားကြောင့် မြနှင်းစိတ်မကောင်းဖြစ်သွားမိသည်။ ကျော်ထွန်း၏ဦးလေးသည် အလုပ်အကိုင်မရှိ။ ကျော်ထွန်း ဘူးခွံကောက်ကာ ရောင်း၍ရသောပိုက်ဆံဖြင့်သာ အသက်ဆက်နေရခြင်းဖြစ်သည်။ အောင်ချစ်နှင့် သူ၏အမေသည်လည်း ဝမ်းစာအတွက် မနည်းရုန်းကန်နေကြရသည်ကို မြနှင်းတွေ့မြင်နေရသည်။

"ဟိုမှာရထားလာပြီဟေ့"

မြနှင်း၏ ရွှင်မြူးစွာအော်ဟစ်သံကြောင့် ကျော်ထွန်းသည်လည်း ရထားရပ်မည့်နေရာသို့ မှန်းဆကာ နေရာယူလိုက်သည်။

"ရေသန့်ဘူးခွံလေးပစ်ချပေးပါ"

"ကွမ်းယာရမယ်၊ ကွမ်းယာ၊ ဆေးလိပ်"

"ပြောင်းဖူးပြုတ် ပူပူလေး"

"ရေသန့်ဘူးခွံလေးတွေ ပစ်ချပေးပါ"

"မြေပဲပြုတ်"

ရထားဆိုက်ရောက်ချိန်တွင် ရထားပေါ်မှဆင်းလာသူများ၊ ရထားပေါ်သို့တက်သူများ၊ ဈေးရောင်း၊ ဈေးဝယ်များကြားတွင် မြနှင်းတို့ သူငယ်ချင်းနှစ်ဦး တိုးဝှေ့ကာ ရေသန့်ဘူးခွံများကို လိုက်၍တောင်းယူလိုက်ကြ၏။

"ဟဲ့ အဲဒါ ငါ့ကို ပစ်ချပေးခဲ့တာ"

"မဟုတ်ပါဘူးကျော်ထွန်းရယ် ငါ့ကို ပစ်ချပေးတာပါ"

"ငါ့ဘက်အခြမ်းကို နင်ကူးလာပြီး တောင်းတာလေ မြနှင်း"

"ရော့ ရော့ ကျော်ထွန်း"

ရထားထွက်သွားချိန်တွင် ကျော်ထွန်းဘက်သို့ မြနှင်းလာရောက်ကောက်ယူသဖြင့် ရေသန့်ဘူးနှစ်ဘူးကို သူပိုင်သည်၊ ငါပိုင်သည်ဟု အငြင်းပွားနေလျက်ရှိပြန်သည်။ နောက်ဆုံးတွင် မြနှင်းသာလျှင် အရှုံးပေးလိုက်ရသည်။

(၅)

ညသည် တိတ်ဆိတ်နေခြင်းကြောင့် ရှိရင်းစွဲအချိန်ထက် အိုမင်းနေ၏။ သို့သော် လမင်းသည် ရုံရွှေဖော်စုံလင်စွာဖြင့် မင်းမူနေလျက်ရှိနေပြန်သည်။ လရောင်ဖွေးဖွေးနှင့် အုတ်ဂူဖွေးဖွေးတို့ ပန်းတင့်လျက်။ အချို့နေရာများတွင် မြေဇာပုံများမို့မောက်လျက်ရှိနေပြန်သည်။ နေသားကျလျက်ရှိသော မြနှင်းတို့၏ဘဝများတွင် အုတ်ဂူများသည် ထိုင်ခုံသဖွယ်ဖြစ်နေ၏။

"နင် ဒီကနေပြောင်းသွားတော့မယ်ဆို မြနှင်း"

"ဟုတ်တယ် ကျော်ထွန်း၊ ငါ့အဖေရဲ့ဆွေမျိုးတွေရှိတဲ့ရွာကို ပြောင်းရမှာ"

"နင်ပြောင်းသွားရင် ငါတို့ကို မေ့သွားမှာလား မြနှင်း"

အောင်ချစ်သည် အုတ်ဂူပေါ်တွင် မတ်တတ်ရပ်နေရင်းမှ မေးသည်။

"မေ့စရာလား အောင်ချစ်ရယ်"

"နင်ကျောင်းဆက်နေမှာလား"

"နေမှာပေါ့ အောင်ချစ်ရဲ့၊ငါ့အဖေရဲ့ဆွေမျိုးတွေက ကျောင်းဆက်ထားမယ်ပြောတယ်လေ"

"နင့်ဘဝကတော့ ငါတို့နဲ့ ကွာခြားသွားမှာနော် မြနှင်း"

ကျော်ထွန်းသည် လမင်းကြီးကိုမော့ကြည့်ကာ စကားဆိုလာပြန်သည်။

"နင်တို့လဲ အားမငယ်ပါနဲ့ဟာ။ ကြိုးစားရင်း ဘာမဆိုဖြစ်နိုင်တယ်လို့ ဆရာမက ပြောဖူးတယ်။ နင်တို့အရွယ်ရောက်လာရင် အလုပ်ကြိုးစားပြီး ဘဝတိုးတက်အောင် လုပ်လို့ရတယ်လေ"

"နင်တို့ ဘယ်နေ့ပြောင်းရမှာလဲ"

"မနက်ဖြန်ပြောင်းကြမှာ ကျော်ထွန်း"

"ဟင် မြန်လိုက်တာဟာ၊ မနက်ဖြန် မြို့မြောက်ဘက်မှာ အမှိုက်ကားလာသွန်မှာတဲ့။ နင်လိုက်မကောက်တော့ဘူးပေါ့"

"ငါလိုက်မကောက်တော့ နင်တို့ များများရတာပေါ့ဟဲ့"

သုံးဦးသား ခေတ္တမျှငြိမ်သက်သွားသည်။

"မြနှင်းရေ မအိပ်သေးဘူးလား။ ညနက်နေပြီ။ မနက်လဲ စောစောထရမှာ လာအိပ်တော့"

မိခင်ဖြစ်သူ၏လှမ်းအော်သံကြောင့် မြနှင်းသည် သူငယ်ချင်းနှစ်ဦးကို နှုတ်ဆက်ကာ တဲလေးဆီသို့ ဦးတည်လိုက်၏။ ကျော်ထွန်းတို့နှစ်ဦးသည် မြနှင်းကို ငေးကြည့်ကာ အတွေးကိုယ်စီဖြင့် ကျန်ရစ်ခဲ့လေသည်။ ညသည်လည်း နက်သည်ထက်နက်လာသည်။

(၆)

ကောင်းကင်ပြင်တစ်ခုလုံးတွင် မိုးသားတိမ်လိပ်တို့ဖြင့် ဖုံးအုပ်လျက်ရှိ၏။ ဆူညံစွာအော်မြည်နေသည့် ကျေးငှက်တို့၏အော်သံ၊ လေတိုက်တိုင်းလှုပ်ရှားလျက်ရှိသည့် သစ်ရွက်တို့၏မြည်သံတို့သည် သုသာန်ဝင်း၏နံနက်ခင်းကို မင်းမူနေလျက်ရှိနေကြ၏။

"ဟေ့ ဘအေး မိုးရွာမယ်ထင်တယ်။ မနက်ဖြန်မှ ပြောင်းကြရောပေါ့ကွာ"

ဆေးလိပ်တိုကြီးကိုက်ကာ မိမိတို့ထံလျှောက်လာသော အောင်ချစ်၏ဦးလေး ကိုစံမြင့်။

"ကားလက်မှတ်က ဝယ်ပြီးပြီ ကိုစံမြင့်"

"မင်းတို့ဟိုရောက်ရင်လဲ ငါတို့ကိုမမေ့နဲ့ကွာ။ သုံးအိမ်ရှိတာ တစ်အိမ်လျော့သွားပြီပေါ့"

"ဒါများဘာခက်လို့လဲ ကိုစံမြင့်ရာ တစ်အိမ်တည်းပေါင်းနေလိုက်ပေါ့။ ဟား ဟား ဟား"

ကိုဘအေး၏ ကျီစယ်နှောက်ပြောင်စကားကြောင့် ကိုစံမြင့်နှင့် မိသက်တို့ တဟားဟားရယ်နေကြသည်။

"ကဲ သွားတော့မယ်ဗျို့။ ကျန်းမာရေးဂရုစိုက်ကြ"

စာမျက်နှာ ၂၅ သို့ á

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၈၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေပဲ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

---

á **စာမျက်နှာ ၂၄ မှအဆက်**

ကိုဘအေး၏ နှုတ်ဆက်စကားနှင့်အတူ အထုပ်ကိုယ်စီလွယ်ကာ မြနှင်းတို့မိသားစု ညောင်လေးပင်မြို့ရှိ ငမိုးရိပ်ကားဂိတ်ဆီသို့ ဦးတည်လိုက်ကြသော်လည်း မြနှင်းသည် ကျော်ထွန်းနှင့် အောင်ချစ်ကို မျှော်နေမိသည်။

မြနှင်းသည် လေးလံသောခြေလှမ်းတို့ဖြင့် မိဘနှစ်ပါးနောက်သို့ အမီလိုက်နေရသော်လည်း မြနှင်း၏စိတ်တို့သည် သုသာန်ဝင်းကြီးတွင် ကျန်ခဲ့သည်။ မိမိတို့ဆော့ကစားနေကျ အုတ်ဂူကြီးများ၊ မြေစာပုံကြီးများကို ရီဝေစွာဖြင့် ပြန်လှည့်ကြည့်နေမိသည်။

"မြနှင်း မြန်မြန်လာ။ ကားမမီဘဲနေမယ်"

မိခင်ဖြစ်သူ၏ စကားကြောင့် မြနှင်း ခပ်သွက်သွက်လျှောက်ကာ အမီလိုက်နေရသည်။ ငမိုးရိပ်ကားဂိတ်ဆီသို့အရောက်တွင် ဘူးခွံထည့်သည့်အိတ်ကိုယ်စီဖြင့် ကားလမ်းဘေး လူသွားစင်္ကြံပေါ်တွင်ထိုင်နေသော ကျော်ထွန်းနှင့် အောင်ချစ်ကိုတွေ့လိုက်ရသဖြင့် မြနှင်း ဝမ်းသာအားရ ပြေးသွားလိုက်မိသည်။

" နင်တို့ ငါ့ကိုစောင့်နေတာလား ကျော်ထွန်း"

"ဟုတ်တယ် မြနှင်း၊ ဘူးခွံကောက်ပြီး လာစောင့်နေတာ"

"ရော့ မြနှင်း ဒါနင့်အတွက်လက်ဆောင်"

ကြွပ်ကြွပ်အိတ်အမဲဖြင့်ထည့်ထားသည့် ကျော်ထွန်းလှမ်းပေးသောလက်ဆောင်ဆိုသောအရာကို မြနှင်းလှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။

သူအလွန်နှစ်သက်သည့် ရိုင်ရယ်ဒီအချိုရည်ဘူးလေး နှစ်ဘူးကြောင့် မြနှင်းစိတ်မကောင်းဖြစ်သွားသည်။ အချိုရည်ဘူးလေးဝယ်ရန် ကျော်ထွန်း မည်ကဲ့သို့ပိုက်ဆံရှာရသည်ကို သိနေသဖြင့် မြနှင်းဝမ်းနည်းမိသည်မှာ အမှန်ပါ။

"ခရီးသည်များ ကားထွက်တော့မယ်"

ကားစပယ်ယာ၏သတိပေးစကားကြောင့် မြနှင်းလည်း ကားပေါ်သို့ ပြေးတက်သွားသည်။

"ငါတို့ကို မမေ့နဲ့နော်"

ကားထွက်ခါနီး ပြိုင်တူလှမ်းပြောလိုက်သောစကားကြောင့် မြနှင်းလည်း ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် မြနှင်းသည် လက်ပြနှုတ်ဆက်နေကြသော ကျော်ထွန်းနှင့် အောင်ချစ်ကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေစဉ်မှာပင် ငမိုးရိပ်ကားကြီးသည် စတင်ရွေ့လျားနေလျက်။

(၇)

မြနှင်းသည် ဆွေမျိုးများရှိရာမြို့တွင် ကျောင်းဆက်တက်ခဲ့သည်။ ထိုမြို့ကလေးမှာပင် မြနှင်း ဆယ်တန်းအောင်ခဲ့ပြန်သည်။ ထိုမှတစ်ဆင့် မြနှင်းသည် မိတ္ထီလာပညာရေးကောလိပ်သို့ ဆက်လက်တက်ရောက်ကာ ကျောင်းဆရာမလေးအဖြစ် ငှက်ပျောတောရွာလေးတွင် တာဝန်ကျခဲ့ပြီး ထိုရွာလေးမှာပင် အိမ်ထောင်ကျခဲ့ပြန်သည်။ ယခုအခါ မြနှင်းသည် သားလေးတစ်ဦးပင် မွေးဖွားခဲ့ပြီဖြစ်သည်။

"ဆွမ်းတော်ဗျို့"

မြနှင်းသည် အချိန်မည်မျှကြာအောင်တွေးတောနေသည်ကို မပြောပြတတ်အောင်ဖြစ်သွား၏။ကျောင်းသားကလေး၏ အော်သံကြားမှပင် သတိဝင်လာကာ ဆွမ်းတော်လောင်းလှူလျက် ဣန္ဒြေသိက္ခာအပြည့်ဖြင့် လျှောက်လှမ်းသွားသော သံဃာတော်မြတ်ကို ငေးကြည့်လျက်ကျန်ရစ်ခဲ့ရသည်။

(၈)

"ဦးပဥ္ဇင်းနန္ဒော ဧည့်သည်ရောက်နေတယ်ဘုရား"

ကျောင်းသားဖြစ်သူ၏ လျှောက်တင်ချက်ကြောင့် ဦးပဥ္ဇင်းနန္ဒော စာဖတ်နေရာမှ ကျောင်းအောက်ထပ်သို့ ဆင်းလာခဲ့သည်။ ကျောင်းအောက်တွင် ကလေးတစ်ဦးနှင့်အတူထိုင်စောင့်နေသော အမျိုးသမီးကို တွေ့လိုက်ရသဖြင့် ဦးပဥ္ဇင်းနန္ဒော အံ့ဩနေမိသည်။

"ဒကာမကြီးက ဦးပဥ္ဇင်းကို တွေ့ချင်တာလား"

ဦးပဥ္ဇင်း၏စကားအရ မိမိကို မှတ်မိဟန်မတူဟု မြနှင်းသေချာသိလိုက်၏။

"တင်ပါ့ဘုရား၊ တပည့်တော်မ နာမည်က မြနှင်းပါဘုရား"

မြနှင်းဟူသောအမည်ကိုကြားသည်နှင့် ဦးပဥ္ဇင်းနန္ဒော၏ စိတ်သည် အတိတ်ဆီသို့ရောက်သွားသည့်အလား ခေတ္တမျှငြိမ်သက်လျက်ရှိနေ၏။ ထို့နောက် ငယ်စဉ်က သုသာန်ဝင်းအတွင်း အတူကြီးပြင်းခဲ့သော သူငယ်ချင်းများ၏ ဘဝပုံရိပ်များကို တရေးရေးမြင်ယောင်လာလေသည်။

"အောင်ချစ်တစ်ယောက် ရှိသေးလား ဘုရား"

မြနှင်း၏အမေးစကားကြောင့် အတွေးစ ပျက်သွားပြန်သည်။

"ဒကာအောင်ချစ်က ဗန်ကောက်မှာ။ သူ့အမေကတော့ ဆုံးသွားပြီ။ ဦးပဥ္ဇင်းရဲ့ ဦးလေးလဲ မနှစ်ကဆုံးသွားတယ်လေ"

"ကြားရတာ စိတ်မကောင်းစရာပါဘုရား။ တပည့်တော်မ ပြောင်းသွားပြီး ဘာတွေဘယ်လို ပြောင်းလဲကုန်ကြလဲဘုရား"

"အများကြီးပြောင်းလဲသွားကြတာပေါ့။ ဒကာမ ပြောင်းသွားပြီး သုံးနှစ်လောက်မှာ အောင်ချစ်အမေဆုံးသွားတယ်။ ဦးပဥ္ဇင်းတို့ကိုလဲ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ အလှူ့ရှင်တစ်ယောက်ရဲ့ ကောင်းမှုကြောင့် ကိုရင်ဝတ်ဖြစ်ကြတယ်။ အောင်ချစ်ကတော့ လူထွက်ပြီး မြဝတီကိုအလုပ်သွားလုပ်ရင်းနဲ့ အခုဗန်ကောက်မှာ။ အင်း ဦးပဥ္ဇင်းကတော့ သာသနာ့ဘောင်မှာ ဆက်လက်နေထိုင်လျက်ပေါ့"

"တင့်ပါဘုရား အခုလို ကောင်းမြတ်တဲ့ဘဝတွေမှာပြန်ဆုံရလို့ ဝမ်းမြောက်ပါတယ်ဘုရား။ ဦးပဥ္ဇင်းရွေးချယ်လိုက်တဲ့လမ်းက ခုဘဝမှာ တင်မကဘူး နောင်ဘဝထိ အကျိုးခံစားနိုင်မှာမို့ ပီတိဖြစ်ရပါတယ်။ ဦးပဥ္ဇင်းရဲ့ဘဝက မြင့်မြတ်လှတာမို့ ကြည်နူးမိပါတယ်ဘုရား"

မြနှင်း၏စကားသံတွင် ပီတိလှိုင်းတို့ပြင်းထန်နေသည်မှာ ပါးပြင်မှ စီးကျလာသောမျက်ရည်များက သက်သေပြနေလျက်။ ထို့နောက် ရှေးဟောင်းနှောင်းဖြစ်များကိုပြောနေကြသည်မှာ အချိန်ပင်အတော်လင့်သွားခဲ့လေသည်။

"ကဲ ဦးပဥ္ဇင်း ဘုရားဝတ်ပြုအုံးမယ်"

နှုတ်ဆက်စကားဆိုရင်း ဘုရားခန်းဆောင်ဆီသို့ ကြွသွားသော ဦးပဥ္ဇင်းကိုကြည့်၍ မြနှင်းလည်း မိမိတို့ဘဝ၏ အနားမညီခဲ့သော ဘဝပုံရိပ်များကို တွေးတောနေမိသည်။ မိမိတို့သုံးဦးသည် တြိဂံ၏ အနားများ ဟုဆိုလျှင် ထိုတြိဂံကို.....။

## ချမ်းမြေ့ပါစေ အိုအမေ

- တစ်နေ့သောခါ အမေ့ရွာသို့
  လာခဲ့တစ်ခေါက် အိမ်သို့ရောက်စဉ်
  ဝမ်းမြောက်စကား အပြုံးများနှင့်
  ငါ့သားတွေ့တာ စိတ်ချမ်းသာဟု
  မာတာမိခင် ခွန်းနှုတ်ရွှင်၏။

- မေ့ကိုခွဲသွား ငါ၏သားသည်
  မယားဇနီး သားသမီးနှင့်
  ပွားစီးဥစ္စာ ကြိုးပမ်းရှာရင်း
  ငါအမေထံ ခုမှပြန်လည်း
  ငယ်ဟန်ငယ်သွေး မပျောက်သေးဟု
  မေတွေးနေချေ ဆိုပြန်လေ၏။

- သားမောင်သည်းလှိုက် ရောက်သခိုက်ဝယ်
  မေ့၌ဟင်းလျာ တို့စရာနှင့်
  ငံပြာရည်ချက် ထိုတစ်ခွက်မို့
  သားတွက်စားဖွယ် ဟင်းကောင်းမည်(မယ်)ကို
  ပြေးဝယ်ချက်မည် ပြောပြန်သည်။

- သားမောင်ငယ်စဉ် ဟိုယခင်က
  စားချင်ရာလေး မေဝယ်ကျွေးရင်း
  သင်ပေးပညာ သားကြီးလာတော့
  ကြင်ရာနှင့်လေ ကောင်းစားနေလည်း
  မွေးမေခမျာ ကိုယ့်ဝမ်းစာကို
  ကိုယ်ရှာ၍သာ စားရရှာ၏။

- သြော်...
  အမေ့မေတ္တာ မြင့်မိုရ်သာကို
  ခုခါသိမြင် အသိဝင်၍
  ယခင်မိုက်ပြစ် တောင်းပန်ရစ်ပြီး
  ချစ်ခင်ကြင်နာ တုံ့မေတ္တာဖြင့်
  နားမှာထားကာ ပြုစုပါမည်
  စဉ်လာမပျက် မွေးမေချက်သည့်
  တစ်ခွက်ဟင်းလျာ ထိုင်ပြာလျှင်
  မြဲသာမမေ့ ခံတွင်းတွေ့သည်
  ချမ်းမြေ့ပါတော့ အိုအမေ။ ။

(ပြာသိုလပြည့်နေ့တွင်ကျရောက်မည့် အမေနေ့ကို ဂုဏ်ပြုလျက်)

**ညွန့်ဝင်း(နတ်တလင်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အမွေဆက်ခံခြင်းအက်ဥပဒေအကြောင်း

စိန်လှိုင်ဗိုလ်



အမွေထိန်းစာလျှောက်ထားမှုတွင် တစ်ဦးတစ်ယောက်၏ ကန့်ကွက်ချက်ကို ပယ်သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းခွင့်ရှိ မရှိနှင့် အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည်ဟု အမွေဆက်ခံခြင်း အက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ကန့်ကွက်သူရှိပါလျက် တရားရုံးက တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်မစစ်ဆေးခြင်းသည် ၎င်းအက်ဥပဒေပုဒ်မ ၂၉၅ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိကြောင်းနှင့် ပတ်သက်၍ လမ်းညွှန်စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါဦးမည်။

ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် (၁၇၆) တွင် ဦးခင်မောင်စိုးက ဦးအင်န်ဟက်နှင့် ဦးတင်လှတို့ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေထိန်းစာရလိုကြောင်း လျှောက်ထားရာ ဦးမြသန်းက ကန့်ကွက်ခဲ့သည်။ တိုင်းတရားရုံးက ဦးမြသန်းသည် ကန့်ကွက်သူအဖြစ် အမှုတွင် ပါဝင်ခွင့်မရှိကြောင်း သုံးသပ်လျက် ဦးမြသန်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သည်။ ထို့ကြောင့် ဦးမြသန်းက တိုင်းတရားရုံး၏ အမိန့်ကို ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ တရားမပြင်ဆင်မှု တင်သွင်းလျှောက်ထားခဲ့သည်။

လျှောက်ထားခံရသူ ဦးခင်မောင်စိုးက ၎င်း၏ အဖိုး ဦးအင်န်ဟက်နှင့် ဦးလေး ဦးတင်လှတို့သည် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ပြီး ကွယ်လွန်ချိန်တွင် ပစ္စည်းများ ကျန်ရစ်ခဲ့ကြောင်း၊ ၎င်းပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ သေတမ်းစာရေးသားခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့တွင် အနီးစပ်ဆုံးဆွေမျိုးများ ကျန်ရစ်ကြောင်း ၎င်းသည် ပစ္စည်းအရပ်ရပ်နှင့်စပ်လျဉ်း၍ အမွေထိန်းစာလျှောက်ထားခြင်းမပြုနိုင်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရလည်းကောင်း၊ အခြားဥပဒေအရလည်းကောင်း တားမြစ်ခံရသူ မဟုတ်သည့်အပြင် အမွေဆက်ခံခွင့်မရှိသူ အမိကြီး မိထွေးများကို တာဝန်ယူစောင့်ရှောက်ခဲ့သူဖြစ်သဖြင့် အမွေထိန်းစာရထိုက်ကြောင်းစသည်ဖြင့် ဖော်ပြလျှောက်ထားသည်။

တိုင်းတရားရုံးက အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏ အမွေကိုဆက်ခံခွင့်ရှိသူ သို့မဟုတ် အမွေရှင်၏ မြီစားတစ်ဦးဖြစ်ရန်လိုကြောင်း၊ ကန့်ကွက်သူ ဦးမြသန်းသည် အမွေရှင်နှင့် ဆွေမျိုးတော်စပ်ကြောင်း မရှိသည့်အပြင် ဦးခင်မောင်စိုးက အခြားတရားရုံး၌ စွဲဆိုသော တရားမကြီးမှုတွင် တရားပြိုင်တစ်ဦးဖြစ်သည်ဟု သိရကြောင်း၊ ကန့်ကွက်သူ ဦးမြသန်း တင်ပြသော အချက်များမှာ အမွေထိန်းစာထုတ်ပေးရန် အမိန့်ချမှတ်သောအဆင့်တွင်မှ စဉ်းစားသုံးသပ်ရန်ဖြစ်ပြီး ကန့်ကွက်သူအနေဖြင့် အမှုတွင် တရားပြိုင်အဖြစ် ပါဝင်ခွင့်ရှိ မရှိ စဉ်းစားရမည့် အချက်မဟုတ်ကြောင်း စသည်ဖြင့် သုံးသပ်လျက် ဦးမြသန်း၏ လျှောက်ထားချက်ကို ပယ်ခဲ့သည်။

လျှောက်ထားသူ၏ ရှေ့နေက အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၉၅ အရ အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါက လျှောက်ထားလာသော တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ ကန့်ကွက်သူအား ကန့်ကွက်ထိုက်သူ ဟုတ်၊ မဟုတ် စိစစ်ရန်မလိုကြောင်း ဦးအောင်ကြွယ်နှင့် ဒေါ်မြရွှေ ပါ ၂ အမှု ၁၉၈၆ ခုနှစ် မတစ စာ ၁၈၁ အမှုတွင် ထုံးဖွဲ့ထားကြောင်း၊ မူလတရားရုံးက ဦးမြသန်းသည် ကန့်ကွက်ခွင့်မရှိဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် စီရင်ထုံးလမ်းညွှန်ချက်များကို ဆန့်ကျင်ဆုံးဖြတ်ရာရောက်ကြောင်း လျှောက်လဲတင်ပြခဲ့ပါသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက ဦးမြသန်းသည် ကွယ်လွန်သူ၏ အမွေဆက်ခံခွင့်ရှိသူ မဟုတ်ကြောင်း၊ အမွေရှင်၏ မြီစားလည်းမဟုတ်သည့်အပြင် ဆွေမျိုးတော်သူလည်း မဟုတ်ကြောင်း၊ ရန်ကုန်တိုင်းတရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် (၁၈၉၈) တွင် ဦးခင်မောင်စိုးက ဦးမြသန်းအပါအဝင် လူခုနစ်ဦးအပေါ် ကျူးကျော်သူအဖြစ် တရားစွဲဆိုခဲ့ကြောင်း၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ –၂၉၅ အရ ကန့်ကွက်မှုရှိလျှင် အမှုကို တရားမကြီးအမှုပုံစံကဲ့သို့ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်၌ ကန့်ကွက်သူသည် ကန့်ကွက်ပိုင်ခွင့်ရှိသူ ဟုတ်၊ မဟုတ် အမွေထိန်းလက်မှတ်ထုတ်ပေးရေးနှင့် သက်ဆိုင်သူ ဟုတ်၊ မဟုတ် ကြားနာဆုံးဖြတ်ခြင်းမပြုရဟု တားမြစ်ချက်မရှိကြောင်း၊ ဦးခင်မောင်စိုးကို အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ – ၂၁၈ အရ အမွေထိန်း လက်မှတ်ထုတ်ပေးရန် ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် အမိန့်ချပြီးဖြစ်၍ ဦးမြသန်း၏ လျှောက်ထားချက်ကို ခွင့်ပြုရန်မသင့်ကြောင်း၊ ဦးမြသန်းက မူလတရားရုံးက ချမှတ်သော အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်းမှာ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ – ၂၉၉ ပါပြဋ္ဌာန်းချက်အရ မှားယွင်းကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမွေထိန်းစာရလိုမှုတွင် ကန့်ကွက်သူအား ကန့်ကွက်ခွင့်မရှိကြောင်း ချမှတ်သည့် အမိန့်အပေါ် ပြင်ဆင်မှုတက်ရောက်ခွင့်ရှိ၊ မရှိ ဦးစွာစိစစ်ခဲ့သည်။ လျှောက်ထားခံရသူ ဦးခင်မောင်စိုးက အမွေထိန်းစာရလိုကြောင်း လျှောက်ထားသဖြင့် လျှောက်ထားသူ ဦးမြသန်းက ကန့်ကွက်ခဲ့ရာ တိုင်းတရားရုံးက ၎င်း၏ လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်သည်။

ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်းအက်ဥပဒေအရ တိုင်းတရားရုံးကို အပ်နှင်းထားသည့် အခွင့်အာဏာအရ ချမှတ်သည့်အမိန့်မဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၁၀ ပါ အပ်နှင်းထားသည့် အာဏာအရ ချမှတ်သည့် အမိန့်ဖြစ်သဖြင့် ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ –၂၉၉ တွင် အကျုံးမဝင်သောကြောင့် အယူခံတင်သွင်းခွင့်မရှိကြောင်း၊ ထို့ကြောင့် အမွေထိန်းစာလျှောက်ထားမှုတွင် ဦးမြသန်း၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးက ပယ်သည့်အမိန့်အပေါ် တရားရုံးချုပ်တွင် ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းခြင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၁၈ တွင် အမွေထိန်းစာလျှောက်ထားခွင့်ရှိသူများကို ဖော်ပြထားသော်လည်း အမွေထိန်းစာလျှောက်ထားခြင်းကို ကန့်ကွက်သူသည် မည်ကဲ့သို့သောသူဖြစ်ရမည်ဟု ထိုပုဒ်မတွင်ဖြစ်စေ အခြားပုဒ်မတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ဤအခြေအနေတွင် **တိုင်းတရားရုံးက အမွေထိန်းစာ လျှောက်ထားခြင်းကို ကန့်ကွက်သူသည် ကွယ်လွန်သူ၏ အမွေကို ဆက်ခံခွင့်ရှိသူဖြစ်ရမည်။ သို့မဟုတ် အမွေရှင်၏ မြီစားတစ်ဦးဖြစ်ရမည်ဟု သုံးသပ်ဆုံးဖြတ်ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

**❖ ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်းအက်ဥပဒေအရ တိုင်းတရားရုံးကို အပ်နှင်းထားသည့် အခွင့်အာဏာအရ ချမှတ်သည့်အမိန့်မဟုတ်ဘဲ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်း ၁၀ ပါအပ်နှင်းထားသည့် အာဏာအရ ချမှတ်သည့် အမိန့်ဖြစ်သဖြင့် ဦးမြသန်း၏ လျှောက်လွှာကို ပယ်သောအမိန့်သည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ –၂၉၉ တွင် အကျုံးမဝင်သောကြောင့် အယူခံတင်သွင်းခွင့်မရှိကြောင်း၊ ထို့ကြောင့် အမွေထိန်းစာလျှောက်ထားမှုတွင် ဦးမြသန်း၏ ကန့်ကွက်ချက်ကို တိုင်းတရားရုံးက ပယ်သည့်အမိန့်အပေါ် တရားရုံးချုပ်တွင် ပြင်ဆင်မှုတင်သွင်းခြင်းသည် မှားယွင်းခြင်းမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ ❖**

**တစ်ဖန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ –** ၂၉၅ တွင် ပြဋ္ဌာန်းချက်အရ အမွေထိန်းစာ လျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါက လျှောက်ထားလာသော တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ရန်ဖြစ်ကြောင်း၊ ကန့်ကွက်သူသည် ကန့်ကွက်ထိုက်သူ ဟုတ်၊မဟုတ်မှာ ထိုတရားမကြီးမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၁ နည်း ၁၀ အရ အဆုံးအဖြတ်ပေးရမည့်ပြဿနာဖြစ်သည်။

အမွေထိန်းစာလျှောက်ထားမှုတွင် ကန့်ကွက်သူရှိပါလျက် တိုင်းတရားရုံးက တရားမအထွေထွေမှုကို တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ်ခြင်းမရှိဘဲ ကန့်ကွက်သူ ဦးမြသန်းသည် ကန့်ကွက်ထိုက်သူ မဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ –၂၉၅ ပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ဦးအောင်ကြွယ်နှင့် ဒေါ်မြရွှေ **အမှု ၁၉၈၆ ခုနှစ် မတစ စာ ၁၈၁ ပါ လမ်းညွှန်ချက်များနှင့်လည်းကောင်း ဆန့်ကျင်ဆုံးဖြတ်ရာရောက်သည်ဟု တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။**

**သို့ရာတွင် တိုင်းတရားရုံးက ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၌ လျှောက်ထားခံရသူ ဦးခင်မောင်စိုးကို ငွေကျပ်သိန်း ၁၀၀ တန် ခံဝန်သူ နှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုတင်ပြနိုင်ပါက အမွေထိန်းစာထုတ်ပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ပြီးသည်ကို အမှုတွင် တရားရုံးချုပ်က တွေ့ရှိခဲ့ရသည်။** ဤအခြေအနေတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်က ချမှတ်သော အမိန့်ကို မကျေနပ်၍ တရားရုံးချုပ်သို့ တင်သွင်းသော ပြင်ဆင်မှုကို လက်ခံ၍ ဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ရာ လျှောက်ထားသူ ဦးမြသန်းအနေဖြင့် လျှောက်ထားခံရသူ ဦးခင်မောင်စိုးအပေါ် တရားတစ်ထုံးစွဲဆိုလိုပါက စွဲဆိုရန်သာရှိတော့ကြောင်း စိစစ်ဝေဖန်သုံးသပ်၍ ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။

တိုင်းတရားရုံးတွင် **၂၀၀၅ ခုနှစ်၊ နိုဝင်ဘာ ၁၆** ရက်က ဦးမြသန်း၏ လျှောက်ထားချက်ကို ပယ်သည့်အမိန့်ချမှတ်ခဲ့သော်လည်း **၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာ** ၂၂ ရက်တွင် ဦးခင်မောင်စိုးကို ငွေကျပ်သိန်း ၁၀၀ တန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုတင်ပြနိုင်ပါက အမွေထိန်းစာ ထုတ်ပေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

တိုင်းတရားရုံး၏ အမှုအပေါ် သုံးသပ်ဆုံးဖြတ်ချက်များအပေါ် တရားရုံးချုပ်က စိစစ်ဝေဖန် သုံးသပ်ရာတွင် သဘောထပ်တူမဟုတ်ပါ။ သဘောကွဲလွဲခဲ့သည်။ တိုင်းတရားရုံး၏ သုံးသပ်ဆုံးဖြတ်ချက်သည် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီမဟုတ်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ကျပ်သိန်း ၁၀၀ တန် ခံဝန်ချုပ်ကို တိုင်းတရားရုံးက ချုပ်ဆိုခွင့်ပြုခဲ့ခြင်းကြောင့် လျှောက်ထားသူ ဦးမြသန်းအတွက် ရလဒ်အဖြေပြောင်းလဲခဲ့ရခြင်းဖြစ်သည်။

ပြည်သူအများစုမှာ အမွေထိန်းစာနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များကို မရင်းနှီးကြပေ။ သို့ရာတွင် ဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများအတွက် သတိပြုဆင်ခြင်နိုင်ပါရန် **ဦးမြသန်းနှင့် ဦးခင်မောင်စိုး ၂၀၀၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် (၄၉) စီရင်ထုံးကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့



ရေကြည် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း နှံကားဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ နှံကားဆန်တွေကို အများအပြားဝယ်ယူဖို့ ကမ်းလှမ်းချက်ရရှိထားပါတယ်။ အခုလို စပါးတွေ ဆန်တွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန်တင်ပို့တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ရေကြည်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမြတ်က ပြောပြသည်။

ရေကြည်မြို့နယ်တွင် နှံကားဆန်များအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို ပွဲရုံပိုင်ရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် နှံကားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အင်္ဂပူမြို့နယ် အုန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အင်္ဂပူ ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမွဲတေမှုလျော့ကျလာစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး အုန်းကုန်းကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ဝ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုန်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၉၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၄ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် သန်း ၂၀၊ စုစုပေါင်း အသင်းသူ၊ အသင်းသား ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ဝ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်ထံမှ သိရသည်။

**သံသာ**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မော်လိုက် ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်မြို့နယ်တွင် မြေပဲ ၄၁၂၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၀၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ မြေပဲ ဧက၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာမှာ ဒီနေ့မှာတော့ ဧက ၃၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်း



များအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံမြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စေတုတ္တရာ ဒီဇင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်မွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် ကျောက်မွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ၍ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့်စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၅ သန်း ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ချိုလေး**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သာစည် ဒီဇင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းခွကျေးရွာအုပ်စု၊ ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၆ ဒသမ ၇၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# စွမ်းအင်နည်းပညာအသစ်များကို အသုံးချလာသော တရုတ်နိုင်ငံ

ခိုင်ဇင်




ဒီနေ့ ကမ္ဘာကြီးမှာ ရင်ဆိုင်နေရတဲ့ အကြီးမားဆုံး စိန်ခေါ်မှုတွေထဲမှာ ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်အကျပ်အတည်းနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးဆိုတာတွေ ပါဝင်နေပါတယ်။ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုက သဘာဝပတ်ဝန်းကျင်ကို ဘက်ပေါင်းစုံက ညစ်ညမ်းစေတဲ့အခါမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို လျှော့ချဖို့အတွက် ကြိုးစားလာကြပါတယ်။ ရုပ်ကြွင်းလောင်စာတွေရဲ့ ဆိုးကျိုးကတော့ ပတ်ဝန်းကျင်ကိုသာမက လူ့ကျန်းမာရေးကိုပါ ထိခိုက်စေနိုင်ပါတယ်။ ဒီလို လူ့ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေတဲ့ ရုပ်ကြွင်းလောင်စာတွေနေရာမှာ အစားထိုးဖို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင် စတာတွေကို အစားထိုးအသုံးပြုပြီး စွမ်းအင်ထုတ်ယူနိုင်ရေးအတွက် နည်းပညာသစ်တွေကို စမ်းသပ်တီထွင်လာပါတယ်။

ဒီလိုအချိန်မှာ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ဆုံးဖြတ်ပေးနိုင်တာက လျှပ်စစ်စွမ်းအင်ကို ဘယ်လိုထုတ်လုပ်မလဲ၊ ဘယ်လို အသုံးချမလဲဆိုတဲ့ နည်းပညာရွေးချယ်မှုတွေပဲဖြစ်ပါတယ်။ ဒါကြောင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကနေ နည်းပညာကိုအသုံးချပြီး လျှပ်စစ်စွမ်းအင်ကို ထုတ်ယူနိုင်ရေးဟာ အရေးကြီးလာပါတော့တယ်။ ဒါကြောင့် နိုင်ငံတွေဟာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် နည်းပညာအသစ်အသစ်တွေကို စမ်းသပ်လာကြသလို တရုတ်နိုင်ငံဟာလဲ ရုပ်ကြွင်းလောင်စာနေရာမှာ အစားထိုးအသုံးပြုဖို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အားထားထုတ်လုပ်ကာ ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချဖို့အတွက် ကြိုးစားလာကြပါတယ်။

နိုင်ငံတချို့ဟာလဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အားထုတ်ဖို့အတွက် နည်းပညာအသစ်တွေကို အပြိုင်အဆိုင် မရပ်မနားစမ်းသပ်တီထွင်နေချိန် တရုတ်နိုင်ငံကလဲ လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေး၊ နည်းပညာဆိုင်ရာကျွမ်းကျင်မှုတို့ကို အသုံးချပြီး အသစ်အသစ်သော နည်းပညာတွေကို စမ်းသပ်တီထွင်လာနိုင်ခဲ့ကြတယ်။ အဲဒီတီထွင်မှုတွေကြောင့် ကမ္ဘာလုံးဆိုင်ရာ စိမ်းလန်းစွမ်းအင်အသွင်ကူးပြောင်းမှုကို အရေးပါတဲ့အခန်းကဏ္ဍကနေ ဦးဆောင်လာနေတာဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ဖို့ စွမ်းအင်နည်းပညာအသစ်တွေကို တီထွင်အသုံးချလာတာလို့ ဆိုနိုင်တယ်။

လက်ရှိမှာ တရုတ်နိုင်ငံက စမ်းသပ်အသုံးချနေတဲ့ လေစွမ်းအင်နည်းပညာတစ်ခုကို သာဓကအနေနဲ့ ကြည့်မယ်ဆိုရင် မြင်နေကျလေတာဘိုင်ကြီးတွေ မဟုတ်တော့ဘဲ ကြိုးတစ်ချောင်းနဲ့ချည်ထားတဲ့ ထီးပုံစံယူနစ်တစ်ခုဟာ စွန်တစ်ကောင်လို ကောင်းကင်ယံထက် မီတာ ၃၀၀ ကျော်မှာဝဲပျံပြီး လေကိုဖမ်းယူသုံးစွဲတဲ့ နည်းပညာပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံက အခုလို လေစွမ်းအင်ကို ပုံစံသစ်နဲ့ အသုံးချနိုင်တဲ့နည်းပညာတစ်ရပ်ကို စမ်းသပ်အောင်မြင်ခဲ့ပါတယ်။ ဒီစနစ်က စွန်တစ်ကောင်လို လေထဲမှာမြင့်မြင့်ပျံကာ လေကနေ စွမ်းအင်ကို စုပ်ယူပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်ပေးပါတယ်။ ပုံမှန်မြင်ဖူးနေကျ လေတာဘိုင်တွေလို မဟုတ်ဘဲ လေကောင်းလေသန့် ပိုရှိတဲ့အမြင့်ပိုင်းလေကိုအသုံးချပြီး စွမ်းအင်ထုတ်လုပ်တာဖြစ်ပါတယ်။ အဲဒီစမ်းသပ်မှုကို အခုနှစ် နိုဝင်ဘာလအတွင်း မွန်ဂိုးလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်ခဲ့တဲ့နည်းပညာသစ်ဟာ ပတ်ဝန်းကျင်လေထုထဲကို ကာဗွန်ထုတ်လွှတ်မှုနည်းတာကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေပါတယ်။ ဒါ့ပြင် လေတာဘိုင်တွေထက်လေကနေစွမ်းအင်ကိုများများ ထုတ်လုပ်နိုင်တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့ပြင် မြေပြင်အခြေခံအဆောက်အအုံမလိုအပ်တဲ့အတွက် ကုန်ကျစရိတ်လျော့နည်းတာကို တွေ့ရပါတယ်။ ဒါဟာ တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရာမှာ စွမ်းအင်နည်းပညာအသစ်တွေကို အသုံးချမှုလို့ သုံးသပ်မိပါတယ်။

ဒီစနစ်ဟာ တောင်တန်းမြင့်မြင့်တွေ၊ မြင့်မားတဲ့တိုင်ကြီးတွေမလိုဘဲ လေထဲကိုတက်ပြီး လေအားကို ဖမ်းယူကာ မြေပြင်ပေါ်ကစက်တွေကို မောင်းနှင်စေပြီး လျှပ်စစ်ဓာတ်အားအဖြစ် ပြန်လည်ထုတ်လုပ်ပေးတာဖြစ်ပါတယ်။

ဒီစနစ်က ဘာကြောင့် ဒီလို မြင့်မားတဲ့လေထုထဲက လေစွမ်းအင်ကို အသုံးချတာလဲဆိုရင် လေတာဘိုင်တွေထက် လေအားပိုများတယ်။ အဲ့ဒီအမြင့်မှာရှိတဲ့ လေစီးကြောင်းက ပိုတည်ငြိမ်တာကြောင့် ဖြစ်ပါတယ်။

ဒါ့ပြင်စွမ်းအင်ရရှိနိုင်မှုက လေတာဘိုင်တွေထက် ပိုများတယ်ဆိုတဲ့ အားသာချက်တွေရှိလို့အခုလို နည်းပညာသစ်ကို စမ်းသပ်ခဲ့ကြတာဘဲဖြစ်ပါတယ်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေရဲ့အဆိုအရ မြေပြင်အနီးလေထက် မီတာ ၃၀၀ ကျော်အမြင့်မှာရှိတဲ့ လေစီးကြောင်းတွေဟာ ပိုတည်ငြိမ်တယ်၊ ပိုမြန်တယ်၊ စွမ်းအင်သိပ်သည်းဆပိုမြင့်တယ်လို့ ဆိုထားပါတယ်။ ဒီစနစ်ရဲ့ယူနစ်အလုပ်လုပ်ပုံက လေထဲကိုတက်သွားတဲ့အခါ ထီးလိုပုံစံနဲ့ဖြန့်ကြက်ပြီး လေအားကို လေပန်ကာတွေကနေစုပ်ယူပါတယ်။ စုပ်ယူလိုက်တဲ့အဲ့ဒီလေအားက မြေပြင်နဲ့ဆက်ထားတဲ့ကြိုးကနေ စက်တွေကိုမောင်းနှင်ကာ အဲ့ဒီစွမ်းအင်ကို လျှပ်စစ်ဓာတ်အားအဖြစ် ပြန်လည်ထုတ်လုပ်ပေးတာလို့လဲ ၎င်းတို့အဆိုအရ သိရပါတယ်။ ဒါ့ပြင် တရုတ်စွမ်းအင်အင်ဂျင်နီယာအဖွဲ့က ပညာရှင်တို့ကလည်း ဒီလိုနည်းပညာအသစ်တွေဟာ လေစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အားထုတ်ယူမှုကို နောက်ထပ်အဆင့်တစ်ခုဆီ မြှင့်တင်ပေးလိုက်နိုင်ပြီး အခုစမ်းသပ်အောင်မြင်သွားတဲ့ လေစွမ်းအင်က အနာဂတ်စက်မှုလုပ်ငန်းမှာ အလွန်အရေးပါလာစေမှာဖြစ်တယ်လို့လဲ ထောက်ပြပြောကြားထားပါတယ်။

တရုတ်နိုင်ငံရဲ့ စိမ်းလန်းပြီး ကာဗွန်နည်းပါးတဲ့ ဖွံ့ဖြိုးရေးမူဝါဒအောက်မှာ အခုလို နည်းပညာဆန်းသစ်တီထွင်မှုတွေဟာစနစ်တကျ ဆက်လက်ဖွံ့ဖြိုးလာနေတာပါ။ ၂၀၂၄ ခုနှစ်က ကောက်ယူထားတဲ့ စစ်တမ်းအချက်အလက်တွေအရ တရုတ်နိုင်ငံဟာ လေစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အား ၇၉ ဒသမ ၈ ဂစ်ဂါဝပ်ကို ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် ကမ္ဘာလုံးဆိုင်ရာလေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအများဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ မှတ်ထားသလို အပိုဖြည့်စွက်စွမ်းအင်မဟုတ်တော့ဘဲ ယုံကြည်စိတ်ချရတဲ့ အခြေခံပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုအဖြစ် ပြောင်းလဲလာနေပြီဖြစ်ပါတယ်။

ဒါ့ပြင် တရုတ်နိုင်ငံဟာ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး၊ လျှပ်စစ်မော်တော်ယာဉ်အပါအဝင် တခြားသောလျှပ်စစ်ယာဉ်အမျိုးမျိုး၊ လီသီယမ်ဘက်ထရီ၊ နေရောင်ခြည်ပန်နယ်လို စွမ်းအင်နည်းပညာသစ်များ ထုတ်လုပ်ရေးမှာလဲ ကမ္ဘာ့နိုင်ငံအားလုံးကို ဦးဆောင်နေပါတယ်။ ဒါကြောင့်လဲ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှာ တရုတ်နိုင်ငံထုတ်စွမ်းအင်အသစ်ယာဉ်ရောင်းအားဟာ ပြည်တွင်းထက်ပြည်ပရောင်းအားက သာလွန်နေခဲ့တာဘဲဖြစ်ပါတယ်။ စွမ်းအင်သစ်ယာဉ်ဆိုတာ လျှပ်စစ်နဲ့ ဘတ်ထရီကိုအခြေခံပြီး ထုတ်လုပ်တဲ့ EV ယာဉ်တွေကို ဆိုလိုတာဖြစ်ပါတယ်။ လက်ရှိ EV ယာဉ်တွေရဲ့ ရောင်းအားက နိုင်ငံတကာက ရုပ်ကြွင်းလောင်စာဆီသုံးယာဉ်တွေထက်ကို ရောင်းအားကောင်းခဲ့ပါတယ်။

တရုတ်နိုင်ငံဟာ နိုင်ငံတွင်းမှာလဲ စိမ်းလန်းနည်းပညာသစ်တွေကို အလွန်အရှိန်မြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ကာဗွန်လျှော့ချမှုကို နည်းပညာသစ်တွေနဲ့ ပုံဖော်နေတာဖြစ်လို့ ၂၀၃၀ ပြည့်နှစ်ရဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်ကို အရောက်လှမ်းနေတာပဲဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု သုညရောက်ရှိရေးအတွက် နည်းပညာကို အဓိကအင်အားအဖြစ်အသုံးချနေတဲ့ တရုတ်နိုင်ငံရဲ့ စိမ်းလန်းစွမ်းအင်ခရီးလမ်းဟာ စကားလုံးတွေပေါ်မှာသာ မူတည်နေတာမဟုတ်ဘဲ နည်းပညာ၊ အချက်အလက်၊ မူဝါဒနဲ့ လက်တွေ့အောင်မြင်မှုတွေကို အခြေခံထားတဲ့ ခိုင်မာတဲ့လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။

**❖ တရုတ်နိုင်ငံဟာ နိုင်ငံတွင်းမှာလဲ စိမ်းလန်းနည်းပညာသစ်တွေကို အလွန်အရှိန်မြှင့်ထုတ်လုပ်နိုင်ခဲ့ပြီး ကာဗွန်လျှော့ချမှုကို နည်းပညာသစ်တွေနဲ့ပုံဖော်နေတာဖြစ်လို့ ၂၀၃၀ ပြည့်နှစ်ရဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးရည်မှန်းချက်ကို အရောက်လှမ်းနေတာပဲဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု သုညရောက်ရှိရေးအတွက် နည်းပညာကို အဓိကအင်အားအဖြစ်အသုံးချနေတဲ့ တရုတ်နိုင်ငံရဲ့ စိမ်းလန်းစွမ်းအင်ခရီးလမ်းဟာ စကားလုံးတွေပေါ်မှာသာ မူတည်နေတာမဟုတ်ဘဲ နည်းပညာ၊ အချက်အလက်၊ မူဝါဒနဲ့ လက်တွေ့အောင်မြင်မှုတွေကိုအခြေခံထားတဲ့ ခိုင်မာတဲ့လမ်းကြောင်းတစ်ခုဖြစ်ပါတယ်။ ❖**

ဒါကိုလေ့လာကြည့်ပါက တရုတ်နိုင်ငံဟာ ဒီနေ့ခေတ်ရဲ့ ကမ္ဘာ့လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားရဲ့ အဓိကမောင်းနှင်အား ဖြစ်လာနေပြီဆိုတာကို ရှင်းရှင်းလင်းလင်းမီးမောင်းထိုးပြသနေပါတယ်။

ဒီလို လျှပ်စစ်ဓာတ်အားပမာဏအများအပြားကို လေစွမ်းအင်ကထုတ်ယူလာနိုင်ပြီး လေစွမ်းအင် အသုံးပြုနိုင်မှုနှုန်းမြင့်မားလာတဲ့ တရုတ်နိုင်ငံအတွက် လေစွမ်းအင်ဟာ အရင်က ကမ္ဘာတစ်ဝန်းက သတ်

သို့ဖြစ်ပါ၍ တရုတ်နိုင်ငံက ကမ္ဘာလုံးဆိုင်ရာ စိမ်းလန်းအနာဂတ်ဆီသို့ စွမ်းအင်နည်းပညာသစ်တွေကိုသုံးပြီး အရှေ့တစ်ခုနေနဲ့ အလျင်အမြန်ရွေ့လျားနေတာလို့ သုံးသပ်ရေးသားအပ်ပါတယ်။

**ကိုးကား**

- China harnesses new energy technologies to propel green, low-carbon development by Xinhua.

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# စစ်မှုထမ်းဆောင်ခြင်းဖြင့် အမျိုးသားလုံခြုံရေး အကျိုးစီးပွားကို သယ်ပိုးကြပါစို့

အမျိုးသားလုံခြုံရေးသည် နိုင်ငံတိုင်း၏ အခြေခံအကျဆုံးတာဝန်များအနက်မှတစ်ခုဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏အလုံးစုံသော ကောင်းကျိုးချမ်းသာအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ဤအခြေအနေတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးရေးတို့အတွက် အဆုံးစွန်သော အာမခံသူအဖြစ် ရပ်တည်နေသည်။ ထို့ကြောင့် စစ်မှုထမ်းခြင်းသည် အသက်မွေးဝမ်းကျောင်းတစ်ခုမျှသာမဟုတ် နိုင်ငံတော်၏အဓိကလုံခြုံရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အဓိပ္ပာယ်ပြည့်ဝသော ပံ့ပိုးကူညီမှုတစ်ခုဖြစ်သည်။ စည်းကမ်း၊ စေတနာနှင့် နိုင်ငံကိုကာကွယ်ရန် ကတိကဝတ်များဖြင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန်၊ ပြင်ပခြိမ်းခြောက်မှုများကိုဟန့်တားရန်နှင့် နိုင်ငံတော်၏ ဆက်လက်ရှင်သန်ရေးနှင့် သာယာဝပြောရေးတွင် တပ်မတော်သားများသည် မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ကာကွယ်ခြင်း**

နိုင်ငံတော်လုံခြုံရေးကို တိုက်ရိုက်အကျိုးပြုသည့် စစ်မှုထမ်းခြင်းမှာ အချုပ်အခြာအာဏာကိုကာကွယ်ခြင်းပင်ဖြစ်သည်။ ကြည်းတပ်စစ်သည်များ၊ ရေတပ်ဖွဲ့များ၊ လေသူရဲများနှင့် အခြားသော စစ်မှုထမ်းများရှိနေခြင်းသည် နယ်စပ်ကင်းလှည့်မှု၊ ရေကြောင်းလုံခြုံရေး စစ်ဆင်ရေးများနှင့် လေကြောင်းရန် ကာကွယ်ရေးစနစ်များမှတစ်ဆင့် အင်အားကြီးမားသော ဟန့်တားမှုတစ်ခုဖြစ်သည်။

ထို့ပြင် ခေတ်မီလုံခြုံရေးခြိမ်းခြောက်မှုများသည် မိရိုးဖလာမြေပြင်ကျူးကျော်မှုများတွင်သာ တည်ရှိနေတော့မည်မဟုတ်ပေ။ မျက်မှောက်ခေတ်တပ်မတော်များသည် လေပိုင်နက်ကို ကျူးကျော်မှုများမှ ကာကွယ်ပေးခြင်း၊ ပင်လယ်ရေလမ်းကြောင်းများကို ပင်လယ်ဓားပြတိုက်မှုမှ လုံခြုံစွာကာကွယ်ပေးခြင်းနှင့် ဆိုက်ဘာနယ်ပယ်ကို ဒစ်ဂျစ်တယ်တိုက်ခိုက်မှုများမှ ကာကွယ်ပေးခြင်းများ ထမ်းဆောင်နေသည်။ ယနေ့ တပ်မတော်တွင် အမှုထမ်းခြင်းဆိုသည်မှာ နိုင်ငံတော်၏နယ်မြေ၊ အရင်းအမြစ်များနှင့် နိုင်ငံသားများကို ဘက်ပေါင်းစုံမှ အကာအကွယ်ပေးနိုင်ရန် ဘက်စုံကာကွယ်ရေးတွင် ပါဝင်ကူညီခြင်းဖြစ်ပါသည်။

**အင်အားနှင့် အသင့်ဖြစ်ခြင်းဖြင့် တားဆီးခြင်း**

အင်အားကြီးသောတပ်မတော်သည် ပဋိပက္ခများကိုဖြေရှင်းရုံသာမက ပဋိပက္ခများကို တားဆီးမှုလည်းပြုလုပ်သည်။ ဟန့်တားနိုင်စွမ်းနှင့် အဆင်သင့်ဖြစ်မှုပြသခြင်းဖြင့် ရန်လိုမှုကို တွန်းလှန်နိုင်စွမ်းသည် နိုင်ငံတော်လုံခြုံရေး၏ ဗဟိုမဏ္ဍိုင်ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှု၊ ပုံမှန်လေ့ကျင့်ခန်းများနှင့် မြင့်မားသောကြိုတင်ပြင်ဆင်မှု စံနှုန်းများသည် နိုင်ငံ၏ မည်သည့်ခြိမ်းခြောက်မှုကိုမဆို ထိထိရောက်ရောက် တုံ့ပြန်နိုင်လေ့ရှိသည်။ ၎င်းသည် ပဋိပက္ခဖြစ်နိုင်ခြေကို လျှော့ချပေးပြီး တည်ငြိမ်သောလုံခြုံရေးပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် ကူညီပေးသည်။

**ပြည်တွင်းတည်ငြိမ်ရေးနှင့် အကျပ်အတည်းစီမံခန့်ခွဲမှုကို ပံ့ပိုးကူညီခြင်း**

အမျိုးသားလုံခြုံရေးသည်လည်း ပြည်တွင်းတည်ငြိမ်ရေးကို လွှမ်းခြုံထားသည်။ နိုင်ငံအများအပြားတွင် အရေးပေါ်အခြေအနေများအတွင်း ပြည်တွင်းငြိမ်းချမ်းရေးကို ပံ့ပိုးရာတွင် တပ်မတော်သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ သဘာဝဘေးအန္တရာယ်များ၊ ကူးစက်ရောဂါများ၊ သို့မဟုတ် ကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွင်း တပ်မတော်သားများက လုပ်ဆောင်ပေးလေ့ရှိသည်။ အဆိုပါ ပံ့ပိုးကူညီမှုများသည် မငြိမ်မသက်မှုများကို တားဆီးခြင်း၊ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်

**❖ စစ်မှုထမ်းခြင်းသည် အမျိုးသားရေးစရိုက်လက္ခဏာနှင့် စည်းလုံးညီညွတ်မှုကို အားကောင်းစေသည်။ စည်းကမ်းရှိမှု၊ သစ္စာစောင့်သိမှု၊ အနစ်နာခံမှု၊ တရားဥပဒေစိုးမိုးရေးကို လေးစားမှုတို့သည် နိုင်ငံတော်တည်ငြိမ်ရေးကို အထောက်အကူပြုသည့် တာဝန်သိနိုင်ငံသားများကို ဖန်တီးပေးသည့် တန်ဖိုးများဖြစ်သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသောပုဂ္ဂိုလ်များသည် မိမိတို့နိုင်ငံ၏အကျိုးစီးပွား၊ စိန်ခေါ်မှုများနှင့် မျှော်မှန်းချက်များကို နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ကြသည်။ ❖**

ခြင်းနှင့် နိုင်ငံတော်အဖွဲ့အစည်းများအပေါ် လူထုယုံကြည်မှုကို ထိန်းသိမ်းခြင်းဖြင့် အမျိုးသားလုံခြုံရေးကို အားဖြည့်ပေးသည်။

**နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် မဟာဗျူဟာမြောက် မဟာမိတ်အဖွဲ့များတွင် ပါဝင်ကူညီခြင်း**

ခေတ်သစ်အမျိုးသားလုံခြုံရေးသည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ရောယှက်နေသည်။ ယင်းတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စစ်ဆင်ရေးများနှင့် မဟာမိတ်နိုင်ငံများနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများမှတစ်ဆင့် နိုင်ငံနယ်နိမိတ်များကို ကျော်လွန်၍ စစ်မှုထမ်းခြင်း ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များသည် နိုင်ငံတော်လုံခြုံရေးကို အကျိုးပြုသော သံတမန်ဆက်ဆံရေးကို အားဖြည့်ပေးသည်။

နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တပ်ဖွဲ့ဝင်များသည် ပဋိပက္ခဖြစ်ပွားလေ့ရှိသော ဒေသများတွင် တည်ငြိမ်မှုကိုမြှင့်တင်ရန်၊ အကြမ်းဖက်ဝါဒပျံ့နှံ့မှုကို လျှော့ချရန်နှင့် စုပေါင်းကာကွယ်ရေးအစီအစဉ်များကို မြှင့်တင်ရန် ကူညီပေးသည်။ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှု သို့မဟုတ် ဒေသတွင်း လုံခြုံရေးမူဘောင်များတွင် ပါဝင်ကူညီခြင်းဖြင့် နိုင်ငံများသည် မိတ်ဖက်များနှင့် ယုံကြည်မှုတည်ဆောက်ကာ လိုအပ်သည့်အချိန်များတွင် မဟာဗျူဟာမြောက် ပံ့ပိုးကူညီမှုများ ရရှိကြသည်။

ထို့ကြောင့် စစ်မှုထမ်းခြင်းသည် အမိမြေကို ကာကွယ်ခြင်းဖြစ်သည်။

**စီးပွားရေးအကျိုးစီးပွားများနှင့် အရေးကြီးအခြေခံ အဆောက်အအုံများကို ကာကွယ်ပေးခြင်း**

အမျိုးသားလုံခြုံရေးသည် စီးပွားရေးတည်ငြိမ်မှုနှင့် နီးကပ်စွာဆက်စပ်နေသည်။ တပ်မတော်များသည် အရင်းအမြစ်များ၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် အရေးကြီးသောအခြေခံ အဆောက်အအုံများကို ကာကွယ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဥပမာအားဖြင့် ရေတပ်တပ်ဖွဲ့များသည် နိုင်ငံတကာကုန်သွယ်မှုအတွက် အရေးပါသော ပင်လယ်ရေကြောင်းများကို လုံခြုံစေသည်။ လေတပ်များသည် လေကြောင်းများကို ကာကွယ်ပေးပြီး မြေပြင်တပ်ဖွဲ့များသည် စွမ်းအင်ဆိုင်ရာအဆောက်အအုံများ၊ ဆက်သွယ်ရေးစနစ်များနှင့် သယ်ယူပို့ဆောင်ရေးအချက်အချာကျသည့်နေရာများကဲ့သို့သော မဟာဗျူဟာကျသောနေရာများကို ခုခံကာကွယ်ပေးသည်။

ဆိုက်ဘာလုံခြုံရေးတွင် စစ်ဘက်၏ပါဝင်ပတ်သက်မှုသည် ပို၍အရေးကြီးသည်။ စီးပွားရေးများသည် ဒစ်ဂျစ်တယ်စနစ်များပေါ်တွင် ပိုမိုမှီခိုနေရသောကြောင့် ဆိုက်ဘာတိုက်ခိုက်မှုများမှ ကွန်ရက်များကိုကာကွယ်ခြင်းသည် အမျိုးသားရေးဦးစားပေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ တပ်မတော်၏ ဆိုက်ဘာတပ်ဖွဲ့များ သို့မဟုတ် နည်းပညာဆိုင်ရာဌာနခွဲများတွင် အမှုထမ်းခြင်းသည် နိုင်ငံတော်၏ စီးပွားရေး အသက်သွေးကြောကို ကာကွယ်ရန် တိုက်ရိုက်အထောက်အကူပြုသည်။

**မျိုးချစ်စိတ်၊ စည်းကမ်းနှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာအားကောင်းစေခြင်း**

စစ်မှုထမ်းခြင်းသည် အမျိုးသားရေးစရိုက်လက္ခဏာနှင့် စည်းလုံးညီညွတ်မှုကို အားကောင်းစေသည်။ စည်းကမ်းရှိမှု၊ သစ္စာစောင့်သိမှု၊ အနစ်နာခံမှု၊ တရားဥပဒေစိုးမိုးရေးကို လေးစားမှုတို့သည် နိုင်ငံတော်တည်ငြိမ်ရေးကို အထောက်အကူပြုသည့် တာဝန်သိနိုင်ငံသားများကို ဖန်တီးပေးသည့် တန်ဖိုးများဖြစ်သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသောပုဂ္ဂိုလ်များသည် မိမိတို့နိုင်ငံ၏ အကျိုးစီးပွား၊ စိန်ခေါ်မှုများနှင့် မျှော်မှန်းချက်များကို နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ကြသည်။ ၎င်းက မျိုးချစ်စိတ်ဓာတ်ကို ခိုင်မာစေပြီး အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် စုပေါင်းကတိကဝတ်ကို အားဖြည့်ပေးသည်။ မတူကွဲပြားသော လူ့အဖွဲ့အစည်းများတွင် တပ်မတော်သည် စည်းလုံးညီညွတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**နည်းပညာတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ခြင်း**

ခေတ်မီတပ်မတော်များသည် ခေတ်မီနည်းပညာများပေါ်တွင် အားကိုးကြသည်။ စစ်မှုထမ်းခြင်းတွင် အင်ဂျင်နီယာ၊ ဆိုက်ဘာလုံခြုံရေး၊ လေကြောင်း၊ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးတို့တွင် တန်ဖိုးကြီးမားသည့်သင်တန်းများပို့ချပေးသည်။ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် စစ်မှုထမ်းခြင်းသည် သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် အမျိုးသားယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူဖြစ်စေသည်။ ထို့ပြင် စစ်ဘက်ဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အရပ်ဘက်လူ့အဖွဲ့အစည်းကို အကျိုးပြုသော နည်းပညာဆိုင်ရာတိုးတက်မှုများကို မကြာခဏဖြစ်ပေါ်စေပြီး နိုင်ငံတော်၏ စီးပွားရေးကို အားကောင်းစေကာ ရေရှည်လုံခြုံရေးပန်းတိုင်များကိုပံ့ပိုးပေးသည်။

တပ်မတော်တွင် အမှုထမ်းခြင်းသည် နိုင်ငံတော်လုံခြုံရေးအကျိုးစီးပွားကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ဂုဏ်အရှိဆုံးနည်းလမ်းများအနက်မှ တစ်ခုဖြစ်သည်။ တပ်မတော်တွင် အမှုထမ်းသည် အချုပ်အခြာအာဏာကို လက်ကိုင်ပြုကာ တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် နိုင်ငံသားများ ငြိမ်းချမ်းစွာနေထိုင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည်။

အချုပ်ဆိုရလျှင် နိုင်ငံတော်လုံခြုံရေးသည် နိုင်ငံတော်ကို ခြိမ်းခြောက်မှုများမှ ကာကွယ်ခြင်းသာမက အနာဂတ်ကို ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်သည်။ တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခြင်းဖြင့် တပ်မတော်သားများသည် ကတိကဝတ်၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်တို့ကို ဖော်ဆောင်ပေးသည်။ ထိုကဲ့သို့သော မြင့်မြတ်သောတာဝန်များကို ထမ်းဆောင်ရန် နယ်မြေခံသင်တန်းကျောင်းများ၌ တိုင်းစစ်ဌာနအလိုက် ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်၍ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိကြသည့်ပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်ကြရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၇) သင်တန်းပွဲများ ကျင်းပခဲ့ပြီဖြစ်ကာ နိုင်ငံတော်က အားကိုးအားထားရသည့် သားကောင်းစစ်သည်များအဖြစ် ပေါ်ထွန်းလာနေသည်ကို ဂုဏ်ယူဖွယ်ရာ မြင်တွေ့နေရသည်။ သို့ဖြစ်၍ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သည့်လူငယ်၊ လူရွယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော် အမျိုးသားလုံခြုံရေးအကျိုးစီးပွားကို သယ်ပိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**သန်းထွန်းဝင်း(အညာမြေ)**


## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်း ၁၃၃၇ ကေ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ ဖူးစားပြောင်း ၁၃၃၇ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၀၂၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးတာတွေဆောင်ရွက်နေပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေ စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ် သုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**မအူပင် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်မည့် သုံးခွကျေးရွာအုပ်စု သုံးခွကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာမနားကီးက သုံးခွကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါက်တာမနားကီး၊ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင်သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm








## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ ကြေးသွန်းရပ်နေ ဦးအောင်ကျော်မြင့်(၉/အမရ(နိုင်)၀၈၈၇၉၇)နှင့် ဒေါ်ယုယု(၉/အမရ(နိုင်)၀၈၅၃၃၂) တို့၏သားဖြစ်သူ မောင်ရှိုင်းဝဏ္ဏအောင်(၉/အမရ(နိုင်)၁၈၄၉၅၉) (၂၅)နှစ်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ မောင်ရှိုင်းဝဏ္ဏအောင်သည် (၂၈-၁၂-၂၀၂၅)နေ့တွင် မိခင်ဖြစ်သူအား မချေမငံဆက်ဆံရန်လုပ်ပြီး မိဘစကားနားမထောင်ဘဲ မိမိသဘောအတိုင်း နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ လူမှုရေးကိစ္စ၊ ငွေရေးကြေးရေးကိစ္စများ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယုယု (ဘ) ဦးအောင်ခင်
၉/အမရ(နိုင်)၀၈၅၃၃၂
ကြေးသွန်းရပ်၊ အိုးတော်ရပ်ကွက်၊
အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ) ဦးခင်မောင်အေး၏သမီး မဆောင်းဝတ်မှုန်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၂-၂၀၀၉ ဖြစ်ပါကြောင်း။ **မဆောင်းဝတ်မှုန်၊ ၂-၁၂-၂၀၀၉**

## ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်၊ အင်ဒိုင်းကျေးရွာနေ မခင်သန်းနွယ် (ဘ) ဦးသိန်းတင်(၉/လဝန(နိုင်)၁၂၉၉၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-690903203

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်နေ ယုလင်းအိမ် (ဘ) ဦးမောင်စိန်(၁/ဗမန(နိုင်)၁၄၀၅၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-5109566**

**အဖိုးတန်ရေချိုကို ချွေတာပါ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ လူသားချင်းစာနာထောက်ထားမှုအကူအညီများဆိုသည်မှာ သက်သာသွားရုံဖြင့် ရပ်တန့်ပစ်၍မရ...

❖ ယင်းအကူအညီများကို လူမှုကာကွယ်ရေးစနစ်တစ်ခုအတွင်းသို့ ကူးပြောင်းပေးရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မေ ၃၀ ရက်တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ (Rebuilding Myanmar:Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲများ စတင်ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၃၀

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး အမျိုးသမီးပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း(၄)၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများနှင့်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ထုပ်ဆီးတိုးအမျိုးသမီးပြိုင်ပွဲ ပထမနေ့ပွဲစဉ်များအဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၂၁ မှတ်၊ ၁၄ မှတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၄၃ မှတ်၊ ၁၆ မှတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို စာမျက်နှာ ၁၉ ကော်လံ ၁ ☆

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၂၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

စာမျက်နှာ - ၂၂

# ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား




နေပြည်တော် ဒီဇင်ဘာ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန်၊ နှစ်သစ်ကို သာယာချမ်းမြေ့စွာကြိုဆိုနိုင်ရန်နှင့် စိတ်ခွန်အားသစ်များ ရရှိရန်ရည်ရွယ်၍ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲ တတိယနေ့ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၂)၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့သည် ဖျော်ဖြေပွဲ တတိယနေ့ ရောက်ရှိလာသည်နှင့်အညီ မွန်းလွဲပိုင်းမှ စတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည်

စာမျက်နှာ ၁၉ ကော်လံ ၁ ❖


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment

" မှန်ဆည် မြန်ဆည် မြဝတီ "

Phone No : (01) 2301367, 2301368, (01) 2301452, 2301378

24 (01) 2301421, (01) 2317166